# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) အခြေခံပညာတက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာရပ်ဆိုင်ရာ မေးခွန်းများ၌ အင်္ဂလိပ်ဘာသာရပ် မေးခွန်းပုံစံကို သဒ္ဒါဦးစားပေးသော အင်္ဂလိပ်စာမေးခွန်းပုံစံအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပုံစံသစ် ပြောင်းလဲမေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) တတိယတန်း မြန်မာဖတ်စာအုပ်ပါ အောင်ဆန်းဇာနည်ကဗျာ၏ အောက်တွင် ကဗျာရေးသားသူ မူရင်းကဗျာဆရာ၏အမည်ကို ဖော်ပြရန်နှင့် နောက်ဆုံးအအပိုဒ်ကို ဖြုတ်ပြီးမူရင်းကဗျာအတိုင်းသာ ဖော်ပြရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) မာမိန်းအခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ လယ်မယ်ဝါကျီ မူလွန်ကျောင်း၊ မာမိန်ရှီဒီးအခြေခံပညာ မူလတန်းကျောင်း၊ ဒုတ္တန် အခြေခံပညာ မူလတန်းကျောင်းတို့အား ကျောင်းဆောင်သစ်အစားထိုး ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | (ဃ) ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲအား အခြေခံပညာအထက်တန်း ကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၁၀ | ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း | ၂၀ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် | ၃၀ |

ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

၁၂ ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၆

၁၃ ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၇၀

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၇၆

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၅-၆-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **အခြေခံပညာတက္ကသိုလ်ဝင်စာမေးပွဲတွင်ဘာသာရပ်ဆိုင်ရာ မေးခွန်းများ၌ အင်္ဂလိပ်ဘာသာရပ် မေးခွန်းပုံစံကို သဒ္ဒါဦးစားပေးသော အင်္ဂလိပ်စာမေးခွန်းပုံစံအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပုံစံသစ် ပြောင်းလဲမေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **တတိယတန်း မြန်မာဖတ်စာအုပ်ပါ 'အောင်ဆန်းဇာနည်' ကဗျာ၏အောက်တွင် ကဗျာရေးသားသူ မူရင်းကဗျာဆရာ၏ အမည်ကို ဖော်ပြရန်နှင့် နောက်ဆုံးအပိုဒ်ကို ဖြုတ်ပြီး မူရင်းကဗျာအတိုင်းသာ ဖော်ပြရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမိုးရွှေ၊ ပုတာအို မဲဆန္ဒနယ်၏ **မာမိန်းအခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ လယ်မယ်ဝါကျီ မူလွန်ကျောင်း၊ မာမိန်ရှီဒီး အခြေခံပညာမူလတန်းကျောင်း၊ ဒုတ္တန်အခြေခံပညာ မူလတန်းကျောင်းတို့အား ကျောင်းဆောင်သစ် အစားထိုး ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့်ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံသားများအား စားသုံးသူ ပညာပေးရေး(Consumer Education) ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသော ဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက် တဖြည်းဖြည်း**

**ပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း (၆၊ ၇၊ ၈) တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(င) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(စ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဆ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

(ဇ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဈ) ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၊

(ည) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

(ဋ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(ဌ) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၊

(ဍ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဎ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ဏ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(တ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၀၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ရှင့်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၁ ရက်၊

(၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၃) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံခွင့် ၁ ရက်၊

(၄) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၅) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်၊

(၆) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၇) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၈) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၉) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်နှင့်

(၁၂) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၂ ရက်တို့ဖြစ်ပါတယ်ရှင့်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၆ ဦး ဖြစ်ပါတယ်ရှင့်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အခြေခံပညာတက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာရပ်ဆိုင်ရာ မေးခွန်းများ၌ အင်္ဂလိပ်ဘာသာရပ် မေးခွန်းပုံစံကို သဒ္ဒါဦးစားပေးသော အင်္ဂလိပ်စာမေးခွန်းပုံစံအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပုံစံသစ်ပြောင်းလဲမေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အခြေခံပညာတက္ကသိုလ်ဝင် အင်္ဂလိပ်စာမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ အကြောင်းအရင်းကတော့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းချိန်မှစတင်ပြီးတော့ ပိုမိုကောင်းမွန်တဲ့ပညာရေးစနစ်ကို ဖော်ဆောင်ရန် လက်တွေ့ကျတဲ့ပညာရေးပြုပြင်ပြောင်းလဲမှုတွေ ဖော်ဆောင်နေပြီဖြစ်ပါတယ်။ ပညာရေးကဏ္ဍရဲ့ သိသာပြောင်းလဲမှုတွေဟာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကစပြီးတော့ KG+12 ဆိုတဲ့ပုံစံကို စတင်ပြောင်းလဲနေပြီဖြစ်ပါတယ်။ ဒီအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ခုနှစ် ရေးဆွဲပြီးတော့ ဘက်စုံလွှမ်းခြုံနိုင်တဲ့ ပညာရေးကဏ္ဍကိုလည်း အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ သို့သော် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရဲ့ အသီးအပွင့်ကို ယခုပညာသင်နှစ် ၂၀၁၇-၂၀၁၈ ခုနှစ်မှာရှိတဲ့ တက္ကသိုလ်ဝင်ကျောင်းသားများ၊ Grade-11 ကျောင်းသားများနဲ့ Grade-10 ကျောင်းသားများ မမီသေးပါဘူး။ အဆင့်အလိုက်၊ နှစ်အလိုက်ပြောင်းလဲလာမှာဖြစ်တဲ့အတွက်ကြောင့် ကျောင်းသားတွေဟာ စနစ်ဟောင်း၊ ခေတ်ဟောင်းမှာသာကျန်ခဲ့မှာပါ။ သို့သော် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရဲ့စီမံကိန်းတွေကို အပြည့်အဝမခံစားရသေးသော်လည်းဘဲ ခေတ်နှင့်အညီ သူတို့ကျောင်းသားတွေပါ လိုက်ပါပြောင်းလဲသွားစေရန်အတွက် ဒီမေးခွန်းကို ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။

အခြေခံပညာရဲ့ရည်မှန်းချက်ထဲမှာ အခြေခံပညာအဆင့်အလိုက် တွေးခေါ်၊ ကြံဆ၊ ဝေဖန်၊ ပိုင်းခြားနိုင်တဲ့အသိဉာဏ်ရှိတဲ့ ဗလငါးတန်နဲ့ပြည့်စုံတဲ့နိုင်ငံသားများဖြစ်စေရန်လို့ ပါရှိပါတယ်။ သို့သော်လည်းဘဲ ယနေ့အင်္ဂလိပ်စာမေးခွန်းဟာ ထိုးထွင်းကြံဆတီထွင်ဖန်တီးမှု ကျိုးကြောင်းဆက်စပ်တွေးခေါ်မှုတွေက လွတ်ကင်းပြီးတော့ အလွတ်ကျက်မှတ်ပြီးတော့မှ ဖြေရတဲ့မေးခွန်းသာလျှင်ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အင်္ဂလိပ်စာမေးခွန်းမှာ မေးခွန်းပေါင်း ကိုးပုဒ်မေးထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီမေးခွန်းကတော့ မနှစ်က ၂၀၁၇ အင်္ဂလိပ်စာမေးခွန်းဖြစ်ပါတယ်။ နိုင်ငံခြားစာစစ်ဌာနတွေမှာမေးတဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)ဟာ Read the Passage ဖြစ်ပါတယ်။ ဒါကလည်းပဲ အင်္ဂလိပ်စာ Text-book ရဲ့ Prescribe Text-book ရဲ့ Recall Question ဖြစ်ပါတယ်။ ဒါဟာ Text-book ထဲကထုတ်နုတ်ထားတာပါ။ မေးခွန်းနံပါတ်(၂)ဟာ Fill in the blank တစ်မျိုးခေါ်မယ်ဆိုရင် Close Type ဖြစ်ပါတယ်။ ဒါကလည်းပဲ ပုံနှိပ်စာအုပ်ထဲကနေပြီးတော့မှ ထုတ်နုတ်ထားတဲ့စာပိုဒ်ဖြစ်ပါတယ်။ ဒါကလည်းပဲ Recall Question ဖြစ်ပါတယ်။ ဒါဟာ မေးခွန်းနံပါတ်(၃)ပါ။ မေးခွန်းနံပါတ်(၃)မှာ မေးခွန်းနံပါတ်(၁)ကနေ မေးခွန်းနံပါတ်(၅)အထိဟာ Text-book ထဲကဖြစ်ပြီးတော့ မေးခွန်းနံပါတ်(၆) ကနေ နံပါတ်(၁၀)အထိဟာ ကဗျာခုနှစ်ပုဒ်ထဲကဖြစ်ပါတယ်။ ဒါတွေလည်းပဲ အလွတ်ကျက်ပြီးတော့ ဖြေတဲ့ကျောင်းသားများဆို (၁၀)မှတ် အပြည့်ရနိုင်ပါတယ်။ မေးခွန်းနံပါတ်(၄)ကလည်းပဲ Question and Answer(Say Something)လို့ခေါ်ပါတယ်။ ဒါကလည်းပဲ Text-book ထဲက Recall ပါ။ မေးခွန်းနံပါတ်(၅) Read the Passage ထပ်လာပါသေးတယ်။ ဒီ Read the Passage ကလည်းပဲ Text-book ထဲက Recall ပါ။ မေးခွန်းနံပါတ်(၆)ကတော့ Punctuation ပါ။ Punctuation မှာနှစ်ပိုင်းရှိပါတယ်။ Capitalization အပိုင်းနဲ့ Punctuate အပိုင်းရှိပါတယ်။ ကျောင်းသားတွေဟာ Punctuate အပိုင်းကို မလေ့လာဘဲနဲ့ Capitalization အပိုင်းလေးပဲလေ့လာမယ်ဆိုရင် ငါးပုဒ်ပေးတဲ့အတွက်ကြောင့် ၁/၂ အမှတ်စီရပြီးတော့ သူဟာ နှစ်မှတ်ခွဲသုံးမှတ်ကို လွယ်လင့်တကူရသွားပါတယ်။ ယနေ့ ကျောင်းသားများ အခက်အခဲတွေ့နေတာကတော့ မေးခွန်းနံပါတ် (7a) ဖြစ်ပါတယ်။ Grammar ပိုင်းပါ။ တော်တော်လေးကိုချို့တဲ့ပါတယ်။ တော်တော်လေးကို ညံ့ဖျင်းပါတယ်။ မေးခွန်းနံပါတ်(7b) မှာဆိုရင်တော့ Paragraph Writing ပါ။ Paragraph Writing ကလည်းပဲ Text-book ကနေ Recall ပြန်လုပ်ထားတာပါ။ အလွတ်ကျက်ဖြေရင် ဒီဟာတွေကရပါတယ်။ ဒါက မေးခွန်းနံပါတ်(၈)ပါ။ မေးခွန်းနံပါတ်(၈)ဟာ Letter Writing

သုံးပုဒ်မေးပါတယ်။ ဒါပေမဲ့ ကျောင်းသားများဟာ Letter Writing ကို မိမိရဲ့စာသင်ခန်းထဲမှာ နှစ်ဆုံးနှစ်ပေါက်သည့်အထိ တစ်ပုဒ်မှမရေးပါဘူး။ ဆရာတွေကနေပြီးတော့ ခန့်မှန်းမေးခွန်းပေးတာ ကို အလွတ်ကျက်ပြီးတော့မှ မဆီမဆိုင်(Irrelevant) ရေးကြပါတယ်။ မဆီဆိုင်တဲ့ဟာတွေကို ရေးကြပါတယ်။ မေးခွန်းနံပါတ်(၉)ကတော့ Essay ပါ။ အဲဒီ Essay ကလည်းပဲ ခေါင်းစဉ် ကတစ်မျိုး၊ အလွတ်ကျက်ထားတဲ့စာပိုဒ်ကတစ်မျိုး။ သူတို့အလွတ်ကျက်ထားတာကို သူတို့တွေဖြေကြပါတယ်။ အဲဒီတော့ ဒါဟာ မေးခွန်းနံပါတ်(၁)ကနေပြီးတော့မှ ပြန်ကြည့်မယ်ဆိုလို့ရှိရင် မေးခွန်းနံပါတ်(၇)ထိဟာ Text-book ကို Recall ဖြစ်နေတဲ့အတွက်ကြောင့် Text-book ကိုအလွတ်ကျက်ရင် ကျောင်းသား တွေကအောင်မယ်။ Letter Writing လည်းရေးစရာမလိုဘူး။ ကျက်စရာမလိုဘူး။ Essay လည်း ရေးစရာမလိုဘူး။ ကျက်စရာမလိုဘူး။ သို့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းကိုပြောင်းလဲ ပြီးတော့မေးဖို့ အစီအစဉ်ရှိ/မရှိကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာ ခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းသိုင်းရဲ့မေးခွန်းအပေါ် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်ဆိုင် ရာမေးခွန်းများ၌ အင်္ဂလိပ်ဘာသာရပ်မေးခွန်းပုံစံကို ယခုပုံစံမှ ပုံစံအသစ်ဖြင့် သဒ္ဒါကိုဦးစားပေးသော အင်္ဂလိပ်စာမေးခွန်းပုံစံဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပုံစံပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီး ဌာနဟာ အမျိုးသားပညာရေးဥပဒေ(၂၀၁၄ ခုနှစ်)နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ(၂၀၁၅ ခုနှစ်)အရ ပညာရေးဖွဲ့စည်းပုံစနစ်အသစ်(KG+12)ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ

စပြီး သူငယ်တန်း(KG)သင်ရိုးသစ်နဲ့ စတင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ပါတယ်။ သင်ရိုးသစ်ရေးဆွဲဆောင်ရွက်မှုများအနေနဲ့ မူလတန်းအဆင့် ပထမတန်းမှ ပဉ္စမတန်းအထိ သင်ရိုးသစ်များကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကစတင်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိလည်းကောင်း၊ အလယ်တန်းအဆင့် ဆဋ္ဌမတန်းမှ နဝမတန်းအထိ သင်ရိုးသစ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ စတင်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များအထိလည်းကောင်း၊ အထက်တန်းအဆင့် ဒသမတန်းမှ ဒွါဒသမတန်းအထိ သင်ရိုးသစ်များကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစတင်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များအထိ အသီးသီးရေးဆွဲပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုသင်ရိုးသစ်တွေ ရေးဆွဲမှုတွေအရ ထွက်ရှိလာမယ့် သင်ရိုးညွှန်းတမ်းသစ်များ၊ သင်ရိုးညွှန်းတမ်းမူဘောင်၊ သင်ကြားနည်း၊ စစ်ဆေးအကဲဖြတ်တဲ့စနစ်နှင့် မေးမြန်းမယ့်မေးခွန်းပုံစံများကိုလည်း သင်ရိုးအသစ်တွေနဲ့ ကိုက်ညီမှုရှိအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားပါမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဘာသာရပ်တစ်ခုကိုသင်ကြားရာမှာ ဒီဘာသာရပ်ကို သင်ကြားရမယ့် ဦးတည်ချက်(Learning Outcomes တွေကို ထင်ဟပ်စေမယ့် ပြဋ္ဌာန်းစာအုပ်များရေးသားပြုစုခြင်း၊ သင်ကြားမည့်သင်ခန်းစာများရွေးချယ်ပြဋ္ဌာန်းခြင်း၊ သင်ကြားနည်းစနစ်များ ဆရာဆရာမများအား လေ့ကျင့်သင်ကြားပေးခြင်း၊ ရလဒ်များကို စာမေးပွဲစစ်ဆေးတိုင်းတာမှုပုံစံတို့ကို ရှေးဦးစွာဆောင်ရွက်ရပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ဒီအင်္ဂလိပ်စာမေးခွန်းအတွက် ရှင်းလင်းချက်များကိုလည်း ကျွန်တော်တို့လုပ်ငန်းလမ်းညွှန်အဖြစ် ယူမှတ်သားပြီး ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဒီဘာသာရပ်တစ်ခုရဲ့ Learning Outcomes ကိုသာ အပြောင်းအလဲပြုရာမှာ လိုအပ်သည်များကို စနစ်တကျကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ သဒ္ဒါအပိုင်းအပါအဝင် ဘာသာစကားစွမ်းရည်မြင့်မားရေးအတွက် ယခုအသုံးပြုနေတဲ့ အင်္ဂလိပ်စာမေးခွန်းပုံစံကို အင်္ဂလိပ်စာပညာရှင် ပါမောက္ခများနဲ့ ပြန်လည်သုံးသပ်ပြီး ယခု ၂၀၁၇ ခုနှစ်အတွင်းမှာပင် ဖြစ်သင့်ဖြစ်ထိုက်သောမေးခွန်းပုံစံတစ်ခုဖြစ်လာရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တတိယတန်း မြန်မာဖတ်စာအုပ်ပါ အောင်ဆန်းဇာနည်ကဗျာ၏အောက်တွင် ကဗျာရေးသားသူ မူရင်းကဗျာဆရာ၏အမည်ကို ဖော်ပြရန်နှင့်နောက်ဆုံးအအပိုဒ်ကို ဖြုတ်ပြီးမူရင်းကဗျာအတိုင်းသာ ဖော်ပြရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဦးလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာဦးလင်းလင်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ အခြေခံပညာတတိယတန်း မြန်မာဖတ်စာအုပ်ပါ အောင်ဆန်းဇာနည်ကဗျာနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို မေးမြန်းရတဲ့ ရည်ရွယ်ချက် သုံးချက်ရှိပါတယ်။ နံပါတ် (၁) ရည်ရွယ်ချက်ကတော့ ဒီကဗျာသည် ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော အနာဂတ်ကြယ်ပွင့်ကလေးများမှ လူကြီးများအထိ မြေပြန့်မှသည် တောင်ပေါ်အထိ တစ်နိုင်ငံလုံးရဲ့အသည်းစွဲ ပြည်ထောင်စုဖခင်ကြီးအကြောင်းရေးဖွဲ့ထားတာဖြစ်ခြင်း၊ နံပါတ်(၂) ဤကဗျာကို ကလေးကဗျာဖွဲ့ဆိုသည့်နေရာတွင် ကလေးများရင်ထဲထိအောင် စွဲငြိအောင်ရိုးရှင်းလှပပြောင်မြောက်စွာ ဖွဲ့နွဲ့နိုင်ပြီး မော်ကလောင်ရေကဗျာဆရာကြီးတင်မိုးကဖွဲ့ဆိုထားခြင်း၊ နံပါတ်(၃) တိုင်းပြည်အဖိုးတန်အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် ကျောင်းသားကျောင်းသူငယ်များအား ဗိုလ်ချုပ်၏ဘဝမှန်ကို မူရင်းကဗျာထက်အရောင်မဆိုးဘဲ သင်ယူစေလိုခြင်းဆိုတဲ့ ရည်ရွယ်ချက်များနှင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်း(၁)အနေနဲ့ တတိယတန်းဖတ်စာအုပ်ပါ အောင်ဆန်းဇာနည်ကဗျာ၏အောက်တွင် မူရင်းကဗျာဆရာ၏ကလောင်အမည်ကို ဖော်ပြရန်အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ မူရင်းကဗျာဆရာကို ဖော်ပြသင့်တယ် ဖော်ပြဖို့မလိုအပ်ဘူးဆိုတဲ့ အချက်တစ်ခုချင်းစီမှာ အကြောင်းပြချက်ကိုယ်စီကိုယ်စီ ရှိကြပေမဲ့လည်း မူအမျိုးမျိုးချပြခဲ့ကြသော်လည်းပဲ ကျွန်တော့်အနေနဲ့ကတော့ ဖော်ပြသင့်တဲ့ အရာလို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီလောက်နာမည်ကြီးတဲ့ ဒီကဗျာကိုပင်လျှင် ဆရာတင်မိုး ရေးတယ်၊ မရေးဘူး။ ဟိုလူရေးတယ်၊ ဒီလူရေးတယ်စသည်ဖြင့် အငြင်းပွားနေကြတာကို စိတ်မကောင်း စရာတွေ့မြင်ခဲ့ရလို့ပဲ၊ ကြားမြင်ခဲ့ရလို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ (၂)မေးခွန်းအနေနဲ့တော့ တတိယနှစ်ကဗျာဖတ်စာမှာဖော်ပြထားတဲ့ ခေတ်ကာလနှင့်မလျော်ညီတဲ့ အငြင်းပွားဖွယ် နောက်ဆုံး

အပိုဒ်ကို ဖြုတ်ပြီး မူရင်းကဗျာအတိုင်းဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စက ကျွန်တော်တို့ တိုင်ပြည်အတွက် အလွန်အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဆရာတင်မိုးကိုယ်၌ကလည်း သင်ရိုးညွှန်းတမ်းတွေ ဖော်ပြထားသည့် နောက်ဆုံးအပိုဒ်သည် မိမိရေးသားထားသည့် မူရင်းအတိုင်းမဟုတ်ဟု ၎င်းမသေဆုံးခင် နိုင်ငံခြားတွင် နေခိုက် အသံလွှင့်ဌာနတစ်ခုမှာ ဖြေကြားခဲ့သည်ဟု မှတ်သားခဲ့ရပါတယ်။ ယခုကိစ္စနှင့်ပတ်သက်၍ ကျွန်တော် ကိုယ်တိုင် ရန်ကုန်-မန္တလေးသို့သွားရောက်၍ ဆရာကြီးမောင်မိုးသူ၊ ဆရာကြီးကိုလေး (အင်းဝဂုဏ်ရည်) ကဲ့သို့သော ခေတ်ပြိုင်စာရေးဆရာကြီးအပါအဝင် စာရေးဆရာများ၊ ပညာရှင်များနှင့် ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်းများ၊ ဖုန်းဖြင့်ဆက်မေး၍ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ပညာရှင်များ၊ စာရေးဆရာများကလည်း ထိုအပိုဒ်မှာ ဆရာတင်မိုးရေးသားသည်မှာမဖြစ်နိုင်ကြောင်း၊ မဟုတ်ကြောင်း အကျိုးအကြောင်းခိုင်လုံစွာ ထောက်ပြခဲ့ပါတယ်။ ဥပမာအနေနဲ့ ဆရာတင်မိုးရဲ့ ကလေးကဗျာရေးဟန် တစ်ပုဒ်ကို တင်ပြအပ်ပါတယ်။ ထို့အပြင် ဒီကဗျာကိုကြည့်ရင် ကလေးများအတွက် အင်မတန် ရိုးရှင်းစွာဖွဲ့နွဲ့ထားတဲ့ အောင်ဆန်းဇာနည်ဆိုတဲ့ကဗျာမှာ ဆိုရှယ်လစ်ဘောင်ဟူသော ဒီကလေးတွေနှင့် ဘာမှမဆီမဆိုင် အင်မတန်မြင့်မားလှတဲ့ နိုင်ငံရေးဝါဒဆိုင်ရာပညာရပ်ဝေါဟာရ High flow Theology ကြီးပါဝင်နေတာ ရိုးရှင်းလှတဲ့ကလေးကဗျာကို ရုပ်ဆိုးအကျည်းတန်ကြောင်း၊ ဒါဟာ ဆရာတင်မိုးရဲ့ဖွဲ့ဟန်မဟုတ်ကြောင်း၊ ဆရာဟာကလေးကဗျာကို ဒီလိုရေးမည်မဟုတ်ကြောင်း ပြောကြားပါတယ်။ ထို့ပြင် ကျွန်တော်ကိုယ်တိုင် ဆရာတင်မိုးရဲ့မိသားစုကိုယ်စားပြု ဆရာ့သမီးကြီး မမိုးမိုးစံနဲ့တွေ့ဆုံခဲ့ရာမှာလည်း ဆိုရှယ်လစ်ဘောင်ဆိုသည့်စာသားမှာ ဖေဖေရေးခဲ့ခြင်းမဟုတ်ကြောင်း မူရင်းကဗျာတွင် တို့ပြည်ကောင်းအောင်လမ်းစဉ်များ ပိုလ်ချုပ်ချမှတ်သွားဟု ရေးသားထားတာ ဖြစ်ကြောင်း နှုတ်ဖြင့်ဖြေကြားခဲ့ပြီး ကျွန်တော့်ဆီကိုလည်း စာဖြင့်လက်မှတ်ရေးထိုး ရေးသားပေးပို့ခဲ့ပါတယ်။ သင်ရိုးညွှန်းတမ်းမှာ ကဗျာမူရင်းကိုပြင်ပြီးဖော်ပြခဲ့တာ၊ မှားပြီးဖော်ပြခဲ့တာ ဒီကဗျာမှာမှ မဟုတ်ပါဘူး။ အရင်ကလည်း အကြိမ်ကြိမ်အခါခါဖြစ်ခဲ့ပါတယ်။ ဥပမာအားဖြင့် ၁၉၅၅ ခုနှစ်က ကဗျာ့ပန်းဥယာဉ်ဆိုတဲ့သင်ရိုးစာအုပ်မှာ ယခုနိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်၏ဖခင် စာရေးဆရာကြီး မင်းသုဝဏ်ရဲ့ကဗျာကို ဘုန်းကြီးအော့လို့နေရာမှာ ဘုန်းကြီးအော်လို့ဖော်ပြခဲ့လို့ ကဗျာရဲ့အနှစ်သာရ တခြားစီဖြစ်ခဲ့ဖူးပါတယ်။ နောက်တစ်ခုက ၁၉၆၂ ခုနှစ်ဝန်းကျင် ၁၀ တန်း ဖတ်စာအုပ်မှာဖော်ပြခဲ့တဲ့ ဆရာကိုလေး(အင်းဝဂုဏ်ရည်)ရဲ့ လမ်းသစ်ကဗျာကို ဖော်ပြပါအတိုင်း စာသား တွေရော၊ စကားလုံးတွေရော။ Tense။ Tense ဆိုတဲ့နေရာမှာ Present Continues Tense

ကို Past Tense အနေနဲ့ပြောင်းခဲ့တဲ့အတွက် ကဗျာရဲ့အနှစ်သာရဟာ လုံးလုံးကြီးကိုပျက်စီးခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လို အသက် ၄၀ ကျော်သူတွေတောင် အောင်ဆန်းဇာနည်ကဗျာကို အမှတ်မှားခဲ့မှတော့ နှောင်းလူတွေကိုအမှတ်မမှားစေချင်တော့ပါဘူး။ ကျွန်တော်က ဝါဒတွေကြောင့် အငြင်းပွားနေတာမဟုတ်ပါဘူး။ ဖြူစင်နေတဲ့ကလေးကဗျာကို အရောင်ဆိုးပြီး အကျည်းမတန်စေလိုတဲ့အတွက် ဆိုရှယ်လစ်ဘောင်လမ်းစဉ်များ ဗိုလ်ချုပ်ချမှတ်သွား စာသားအစား ဒို့ပြည်ကောင်းအောင်လမ်းစဉ်များ ဗိုလ်ချုပ်ချမှတ်သွားဟု သင်ရိုးညွှန်းတမ်းတွင် ရိုးရိုးရှင်းရှင်းမူရင်းအတိုင်းဖော်ပြပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန )**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ဦးဝင်းမော်ထွန်းကပဲ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဒေါက်တာဦးလင်းလင်းကျော်ရဲ့ မေးခွန်းဖြစ်သော (၁) အခြေခံပညာတတိယတန်း မြန်မာဖတ်စာအုပ်ပါ အောင်ဆန်းဇာနည်ကဗျာ၏အောက်တွင် ကဗျာရေးသားသူ မူရင်းကဗျာဆရာ၏အမည်ကို ဖော်ပြရန်အစီအစဉ်ရှိ/မရှိ၊ (၂) အဆိုပါ ဖတ်စာအုပ်တွင် ဖော်ပြထားသည့် ကဗျာတွင်ပါရှိသည့် အငြင်းပွားဖွယ်ဖြစ်နေသော မူရင်းကဗျာဆရာကိုယ်တိုင် သူ၏မူလကဗျာတွင်မပါဝင်ဟု ပြောဆိုထားသော စာရေးဆရာများနှင့် ပညာရှင်များက အမြဲထောက်ပြပြောဆိုနေသည့် ပြည်ထောင်လွတ်ရေးကြိုးပမ်းအောင် ပြည်ချစ်ဒို့ခေါင်းဆောင်၊ ဆိုရှယ်လစ်ဘောင်လမ်းစဉ်များ ဗိုလ်ချုပ်ချမှတ်သွားဟူသည့် နောက်ဆုံးအပိုဒ်ကိုဖြုတ်ပြီး ပြည်ထောင်စုအရေးကြိုးပမ်းဆောင် ဗိုလ်ချုပ် ဒို့ခေါင်းဆောင်၊ ပြည်ကောင်းအောင်လမ်းစဉ်များ ဗိုလ်ချုပ်ချမှတ်သွား၊ ကောင်းစေချင်တဲ့မှာစကား ငါတို့မမေ့အားဟူသည့် မူရင်းကဗျာအမှန်အတိုင်း ဖော်ပြနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် မရှိပါက အဘယ့်ကြောင့်ကို သိလိုခြင်းမေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းသုံးစာအုပ်များတွင် ကဗျာများပြဋ္ဌာန်းမှုနှင့်စပ်လျဉ်းပြီး စာအုပ်အတွင်း၌ မူရင်းကဗျာဆရာကြီး စာရေးသူအမည်များကိုဖော်ပြ၍ ဆက်လက်ပုံနှိပ်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ အခြေခံပညာအဆင့်မှဖြစ်သော တတိယတန်းမြန်မာဖတ်စာအုပ်မှာ ဖော်ပြထားတဲ့ အောင်ဆန်းဇာနည်ကဗျာနဲ့စပ်လျဉ်းပြီး တက္ကသိုလ်များမှ မြန်မာစာပါမောက္ခများပါဝင်တဲ့အဖွဲ့ကို စိစစ်စေခဲ့ပါတယ်။ မြန်မာစာပါမောက္ခများ၏ အစီရင်ခံစာအရ အောင်ဆန်းဇာနည်ကဗျာသည် ၁၉၇၄ ခုနှစ်ထုတ် ကျောင်းသုံးစာအုပ်မှာ စတင်ထည့်သွင်းဖော်ပြထားခဲ့တာဖြစ်ပြီး ထိုအချိန်ကတည်းက ကဗျာဆရာ၏အမည်ကို ဖော်ပြထားခဲ့ခြင်းမရှိကြောင်းစိစစ်တင်ပြအပ်ပါတယ်။ အဆိုပါကဗျာကို ကဗျာဆရာကြီး ဆရာကြီးဦးတင်မိုးက ရေးသားခဲ့တယ်လို့အများကမှတ်ယူခဲ့ကြပေမဲ့ ဆရာဦးတင်မိုးရေးသားခဲ့ကြောင်းကို ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ စိစစ်ဆောင်ရွက်ခဲ့ရာ ရေးသားခဲ့ကြောင်း ခိုင်မာတဲ့အထောက်အထားမတွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။

ဒီကဗျာနဲ့စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းတင်ပြရမယ်ဆိုရင် ၁၉၆၅ ခုနှစ် ပထမအကြိမ်စတင်ထုတ်ဝေခဲ့တဲ့ အမေ့ကျောင်းကဗျာစာအုပ်အပါအဝင် မျက်မှောက်ကာလအထိထွက်ရှိခဲ့သော ဆရာကြီးဦးတင်မိုးရဲ့ ကဗျာပေါင်းချုပ်စာအုပ်များမှာ အောင်ဆန်းဇာနည်ကဗျာကို ထည့်သွင်းဖော်ပြထားခြင်းမရှိတာကိုတွေ့ရပါကြောင်း တင်ပြအပ်ပါတယ်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဘွဲ့အတွက် သင်တန်းသူ မဌေးဌေး ရေးသားတင်သွင်းခဲ့တဲ့ သုတေသနကျမ်းအမည် တင်မိုးစာစုစာရင်းမှာလည်း အောင်ဆန်းဇာနည်ကဗျာ မပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၅ ခုနှစ် စာနဒီစာပေတိုက်က သတ္တမအကြိမ်မြောက်ထုတ်ဝေခဲ့တဲ့ အမေ့ကျောင်းကဗျာများစာအုပ်ရဲ့အတွင်းမှာ ယခင်ခေတ်အဆက်ဆက်ဖော်ပြထားတဲ့ ဆရာကြီးဦးတင်မိုးရဲ့ ကဗျာ ၅၇ ပုဒ်ကိုသာ ဖော်ပြထားတာရှိပါတယ်။ ဒီကဗျာတွေစာရင်းထဲမှာတော့ အောင်ဆန်းဇာနည်ကဗျာ မပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် စာအုပ်အဖြစ်ထုတ်ဝေရာမှာ စာအုပ်ထုတ်ဝေသူ၊ စီစဉ်သူက အောင်ဆန်းဇာနည်ကဗျာကို ကဗျာရေးသူနာမည်ဖော်ပြခြင်းမရှိဘဲနဲ့ ကျောဖုံးမှာရိုက်နှိပ်တင်ပြသွားကြောင်း တွေ့ရှိရပါတယ်။

ဒီကဗျာနဲ့ပတ်သက်ကပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလထုတ် စာရေးဆရာမဂ္ဂဇင်း အတွဲ(၂)မှာ အောင်ဆန်းဇာနည် ကဗျာကို ဆရာကြီးဦးတင်မိုအမည်နဲ့ ဆိုရှယ်လစ်ဘောင်လမ်းစဉ်များ အစား

တိုင်းပြည်ကောင်းအောင်လမ်းစဉ်များဆိုတဲ့ စာသားကိုပြင်ဆင်သင့်ကြောင်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒါ့အပြင်မဂ္ဂဇင်း၏အတွင်း စာမျက်နှာ ၆ မှာ နောက်ကျောဖုံးကဗျာရာဇဝင်ရှင်းတမ်းဆိုတဲ့ ခေါင်းစဉ်နဲ့ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးရဲ့ ဆောင်းပါးကိုရေးသားဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒီဆောင်းပါးပါ အချက်အလက်များကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှစိစစ်ရာမှာ ခိုင်လုံတဲ့ အထောက်အထား မရှိကြောင်းတင်ပြထားပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ အောင်ဆန်းဇာနည် ကဗျာနှင့်စပ်လျဉ်းပြီး ဆရာကြီးဦးတင်မိုးရဲ့ သမီးအရင်းဖြစ်သော ဒေါ်မိုးမိုးစံကို ဆက်သွယ်တွေ့ဆုံခဲ့သော်လည်း ဒေါ်မိုးမိုးစံက ဖခင်ကြီးရဲ့လက်ရေးမူအရသော်လည်းကောင်း၊ မူလပါရှိတဲ့ ပုံနှိပ်စာအရသော်လည်းကောင်း ယခုအချိန်ထိမတွေ့ရှိရသေးကြောင်း မိသားစုကိုယ်တိုင်ကလည်း ဒီကဗျာနဲ့ပတ်သက်လို့ ခိုင်မာတဲ့၊ တိကျတဲ့အဖြေတစ်ခု သိရှိရန်ဆန္ဒရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

ဒါ့အပြင် အောင်ဆန်းဇာနည်ကဗျာရဲ့ မူရင်းကဗျာရေးသားသူနှင့် မူရင်းကဗျာစာသားများနှင့်စပ်လျဉ်းပြီး ခိုင်လုံတဲ့အထောက်အထားကို ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခများအဖွဲ့မှ ဆက်လက်ဆောင်ရွက်နေပါကြောင်းနဲ့ ခိုင်လုံတဲ့အထောက်အထားနဲ့ တိကျတဲ့အဖြေရရှိတဲ့အခါမှာ တတိယတန်းအတွက် မြန်မာကျောင်းသုံးစာအုပ် ပြုစုထုတ်ဝေသည့်အခါ မူရင်းကဗျာ အထောက်အထား၊ မူရင်းစာရေးသူအမည်တို့ကိုဖော်ပြလျက် ထည့်သွင်းပုံနှိပ်သွားရန်အစီအစဉ်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဦးလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ ကျွန်တော် ဆရာကြီးဦးတင်မိုးရေးတယ်၊ မရေးဘူးနဲ့ပတ်သက်ပြီးတော့ ပြောစရာတွေက အများကြီးရှိပါတယ်။ အချုပ် တစ်ခွန်းတည်းပြောရလို့ရှိရင် ဒီစာသားကြောင့် ဆရာကြီးက ကျွန်တော့်နာမည်ဘယ်တော့မှမသုံးပါနဲ့လို့ ပြောခဲ့ပြီးတော့ ထုတ်ဝေတဲ့စာအုပ်ထဲမှာလည်း ဘယ်တော့မှထည့်သွင်းမပြောခဲ့ဘူးလို့ ပြောခဲ့တာတွေ ကျွန်တော့်ဆီမှာရှိပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့က ကဗျာကိုဖော်ပြတဲ့နေရာမှာ ဥပမာ-ကျွန်တော့်အနေနဲ့ပေးရမယ်ဆိုရင် အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ သုစိပုဘာဝိလိသိမာ အက္ခရာ ၁၃ လုံး ဤရှစ်လုံးကို ကျွန်တော်တို့သင်ခဲ့တဲ့ကဗျာတွေအားလုံးကလည်း သေချာပြန်ကြည့်မယ်ဆိုလို့ရှိရင် မူရင်းရေးသားသူနဲ့ လက်ရေးမူရှာဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်။ အဲဒီလို အနေအထားမျိုးမှာ ကျွန်တော်ပြောတဲ့ Choice of

Word တို့ ခေတ်ပြိုင်စာရေးဆရာကြီးနဲ့ ပညာရှင်များနဲ့ ညှိရတဲ့သဘောရှိတယ်လို့ ကျွန်တော် ဆိုလိုချင်ပါတယ်။ ဒါ့ကြောင့်မိုလို့ ကျွန်တော်တို့ ဒီမေးခွန်းမှာ အခုက သင်ရိုးညွှန်းတမ်းအသစ်ဆွဲနေတဲ့ကာလလည်းဖြစ်တယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ အဓိကတာဝန်ရှိတဲ့ အမျိုးသားပညာရေးကော်မရှင်မှာရော၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မရှင်မှာရော အဓိကတာဝန်ရှိတဲ့ ဝန်ကြီးဌာနလည်းဖြစ်တဲ့အတွက် ကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ပြောချင်တာက တခြားရေးတဲ့သူ ဘယ်သူရေးလဲဆိုတဲ့အထောက်အထားအတိအကျကို အများပြည်သူသိအောင်ချပြနိုင်ပါသလား။ တကယ်လို့မချပြနိုင်ဘူးဆိုရင်လည်း အစောနက မြန်မာစာပါမောက္ခကြီးများ၊ ပညာရှင်များအပါအဝင် တခြားပါဝင်သင့်တဲ့ ကျွန်တော်တို့ လွှတ်တော်က ပညာရေးကော်မတီ၊ အမျိုးသားလွှတ်တော်က ပညာရေးမြှင့်တင်မှုကော်မတီ၊ နောက် State Holder တွေ၊ နောက်တစ်ခုက ဒီစာရေးဆရာရဲ့မိသားစုတွေ၊ စာရေးဆရာတွေ၊ ခေတ်ပြိုင်စာရေးဆရာတွေဖိတ်ပြီးတော့ သေသေချာချာကြားနာပြီးတော့ ဒီတတိယတန်းသင်ရိုးညွှန်းတမ်းကဗျာကို မူရင်းအတိုင်းဖော်ပြရန်အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန )**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ပြန်လည်တင်ပြဆွေးနွေးချက်အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒီ့အပြင် အကြောင်းအရာတစ်ခု ထပ်မံသိရှိရပါတယ်။ မူရင်းကဗျာဆရာကြီးသည် ဒီကဗျာနဲ့စပ်လျဉ်းပြီး စာရေးသူရဲ့အမည်ကိုဖော်ပြရန်ဆန္ဒမရှိကြောင်းလည်း သိရှိရပါတယ်။ သို့သော် ကျွန်တော်တို့ ကျောင်းသုံးစာအုပ်အဖြစ်လူငယ်လူရွယ်များကို သင်ကြားတဲ့အခါမှာ အကြောင်းအရာမှန်ကန်ဖို့လိုပါတယ်။ အထောက်အထားတိကျဖို့ လိုပါတယ်။ အချက်အလက်ပြည့်စုံဖို့လိုပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း တက္ကသိုလ်မှ မြန်မာစာပါမောက္ခများသည် ဒီကဗျာနဲ့ပတ်သက်လို့ နောက်ထပ်စိစစ်တဲ့ဆွေးနွေးပွဲတွေမှာ စိတ်ဝင်စားသူ၊ အထောက်အထားပြနိုင်သူ၊ ကျိုးကြောင်းဖော်ပြနိုင်သူများကိုပါ ဆက်လက်ဖိတ်ကြားပြီးဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မာမိန်းအခြေခံပညာအလယ်တန်းကျောင်းခွဲ၊ လယ်မယ်ဝါကျိုမူလွန်ကျောင်း၊ မာမိန်ရှီဒီးအခြေခံပညာမူလတန်းကျောင်း၊ ဒုတ္တန်အခြေခံပညာ မူလတန်းကျောင်းတို့အား ကျောင်းဆောင်သစ်အစားထိုးဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုသည်မှာ ကျွန်တော်ရဲ့မဲဆန္ဒနယ်ရှိ လန်းတောင်အုပ်စု မာမိန်းအခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ပူတာအိုအုပ်စု လယ်မယ်ဝါကျီ အခြေခံပညာမူလတန်းကျောင်း၊ လန်းတောင်အုပ်စု မာမိန်ရှီဒီးအခြေခံပညာမူလတန်းကျောင်းနှင့် ဒုတ္တန်အခြေခံပညာမူလတန်းကျောင်းများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄၀ နှစ်၊ ၅၀ နှစ်ကျော်ရှိ ကျောင်းဆောင်များဖြစ်ပါတယ်။ ၎င်းကျောင်းဆောင်ကြီးများသည် ပြည်သူများမှ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သော သစ်တိုင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးကျောင်းဆောင်များဖြစ်သောကြောင့် ဟောင်းနွမ်းဆွေးမြေ့ပျက်စီးကာ ကျောင်းဥပဓိရုပ်နှင့်မညီ အန္တရာယ်ရှိသော စာသင်ကျောင်း ဖြစ်နေပါတယ်။ ထိုကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ စိစစ်ပြီး အမြန်ဆုံးကျောင်းဆောင်အသစ်အစားထိုးဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ လန်းတောင်အုပ်စု မာမိန်းအခြေခံပညာအလယ်တန်းကျောင်းခွဲ ဖြစ်ပါတယ်။ ဒါကို ၁၉၆၄ ခုနှစ်တွင် ကျေးရွာပြည်သူလူထုမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော ကျောင်းဆောင်ဖြစ်တာကို သိရှိရပါတယ်။ နှစ်ပေါင်း ၅၀ ကျော်ရှိတဲ့ သက်တမ်းလွန်ကျောင်းဆောင်ဖြစ်သောကြောင့် ကျောင်းသူကျောင်းသားများ စာသင်ရာတွင် အန္တရာယ်ရှိသော ကျောင်းဆောင်များဖြစ်ပါတယ်။ ဒါကလည်းပဲ ပူတာအိုအုပ်စု လယ်မယ်ဝါကျီ အခြေခံပညာမူလွန်ကျောင်းပဲဖြစ်ပါတယ်ခင်ဗျား။ ၁၉၇၀ ခုနှစ်တွင် အစိုးရပံ့ပိုးငွေ ၁၀၀၀ ကျပ်၊ ပြည်သူလူထုမှ ထည့်ဝင်ငွေ ၉၄၅၀ ကျပ်ဖြင့် ပြည်သူမှ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သော ကျောင်းဖြစ်တယ်လို့ သိရှိရပါတယ်။ နှစ်ပေါင်း ၄၀ ကျော်ရှိတဲ့ ကျောင်းဆောင်ဖြစ်တဲ့အတွက်ကြောင့် ကျောင်းဥပဓိရုပ်နှင့်မညီ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်နေပါပြီ။ ဒါကတော့ လမ်းတောင်အုပ်စုမှ မာမိန်ရှီဒီးအခြေခံပညာမူလတန်းကျောင်းဖြစ်ပါတယ်။ ဒါကို ၁၉၈၅ ခုနှစ်တွင် တည်ဆောက်ခဲ့တဲ့ကျောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ နှစ်ပေါင်းများစွာကြာရှိတဲ့ကျောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အင်မတန်မှ ကြည့်လို့မကောင်းတဲ့ကျောင်းဖြစ်နေပါတယ်။ ဒါကြောင့်မို့ အန္တရာယ်

ရှိတဲ့ကျောင်းဆောင်ဖြစ်နေပါတယ်။ ဒါကလည်းပဲ ဒုတ္တန်ရပ်ကွက် ဒုတ္တန်အခြေခံပညာမူလတန်းကျောင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ကွင်းဆင်းလေ့လာတဲ့အချိန်မှာ အင်မတန်မှစိတ်ပျက်စရာကောင်း ပါတယ်။ ဒါကြောင့်မို့ စိတ်မကောင်းစွာတွေ့မြင်ရတဲ့ ကျောင်းတွေတက်ရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းကျောင်းဆောင်များသည် သက်တန်းလွန် ကျောင်းဆောင်များဖြစ်၍ ဟောင်းနွမ်းဆွေးမြေ့ပျက်စီးလျက်ရှိနေပါတယ်။ အခြေခံပညာဦးစီးဌာနမှ ကျောင်းဆောင်၏ဆောက်လုပ်ထားသည့် သက်တမ်းအရ ပျဉ်ကာ၊ ပျဉ်ခင်း ၁၀ နှစ် သတ်မှတ်ထား ကြောင်းလည်းသိရပါတယ်ခင်ဗျား။ ထို့ကြောင့် နှစ် ၅၀၊ ၄၀၊ ၃၀ ကျော် ကျောင်းဆောင်များအား စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမိုးရွှေရဲ့ မေးခွန်းဖြစ်သော ပူတာအိုမြို့နယ်၊ လမ်းတောင်အုပ်စု မာမိန်းအခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းဆောင်အား အသစ်ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ ပူတာအိုအုပ်စု လယ်မယ်ဝါကျီမူလွန် ကျောင်းဆောင်အား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ၊ လန်းတောင်ကျေးရွာအုပ်စု မာမိန်ရှီဒီးအခြေခံပညာအထက်တန်းကျောင်း၏ ဥပစိရပ်မှာ အမြင်မသင့်လှပါသဖြင့် ကျောင်းဆောင် အသစ်ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ ဒုတ္တန်ရပ်ကွက် ဒုတ္တန်အခြေခံပညာမူလတန်းကျောင်းများသည် အန္တရာယ်ရှိနေပါသဖြင့် ကျောင်းဆောင်အသစ်အစားထိုးဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လွှတ်တော် ကိုယ်စားလှယ်ကြီး၏နယ်မြေဖြစ်သော ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွက် ငွေလုံးငွေရင်း

ရန်ပုံငွေဖြင့် ကျောင်းဆောင်အသစ်များ ဆောက်လုပ်ရန် ငွေကျပ်သိန်းပေါင်း ၂၅၇၀ ခွဲဝေဆောင်ရွက်ပေးပါကြောင်း ဦးစွာတင်ပြပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ (၄)ကျောင်းအနက်မှ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မာမိန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ယခုဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၁၂၀ ပေ x ၃၀ ပေ သွပ်မိုး၊ အုပ်ညပ် တစ်ထပ်ကျောင်းဆောင်တစ်ဆောင်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၄၆၈ သိန်း ခွဲဝေဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျန် သုံးကျောင်းဖြစ်တဲ့ လယ်မယ်ဝါကျီကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၊ မာမိန်ရှီဒီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဒုတ္တန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့သည် မနှစ်က ဘတ်ဂျက်တွက်ချက်တင်ပြစဉ်က အခြားကျောင်းများနှင့်ယှဉ်လျှင် ဦးစားပေးအစီအစဉ်မပါရှိခဲ့ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ယခုကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ ယခုလက်ကျန် ကျောင်းသုံးကျောင်းအတွက် လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားချက်ဆောင်ရွက်တဲ့အခါမှာ ၎င်းကျောင်းများရဲ့အခြေအနေအပေါ်ကြည့်၍ အကြီးစားပြင်ဆင်ခြင်း၊ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ ၎င်းအစား ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးအစီအစဉ်အဆင့်အလိုက် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ယခုလိုဝန်ကြီးမှ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဝန်ကြီးရဲ့ဖြေကြားချက်ဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ မာမိန်းအခြေခံပညာအလယ်တန်းကျောင်းခွဲအား ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်ပေးမည်ကို သိရှိရသည့်အတွက်ကြောင့်မို့လို့ ပြည်သူများကိုယ်စား ဝန်ကြီးအား ကျေးဇူးတင်ပါတယ်။ သို့သော် ကျွန်တော်ဆက်လက်မေးမြန်းမယ့်မေးခွန်းကတော့ ကျန်ရှိနေသောကျောင်းသုံးကျောင်းဟာ သက်တမ်းလွန်ကျောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၈-၂၀၁၉ မဟုတ်ဘဲနဲ့ RE မှာပြန်လည်ထည့်သွင်းပေးဖို့ ကျွန်တော်တင်ပြပြီး မေးမြန်းတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပြုပြင် ရန်လိုအပ်နေသောကျောင်း၊ ဥပဓိရုပ်မကောင်းသောကျောင်း၊ မပြည့်စုံသေးသောကျောင်းများအားလုံး ကို တစ်ပြေးညီတစ်ပြိုင်နက် ပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် စိတ်ထားအလွန်ထက်သန်လျက်ရှိပါ တယ်။ သို့သော် ကျွန်တော်တို့သည် နိုင်ငံတော်ဘဏ္ဍာကိုသုံးစွဲရသည့်အတွက် နိုင်ငံတော်ရဲ့ဘဏ္ဍာရေး စည်းမျဉ်းဥပဒေများကိုလည်း လိုက်နာရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေတင်ပြရာမှာ ပြီးခဲ့တဲ့နှစ်က အချိန်ယူပြီးတော့ စိစစ်ပြီး ဦးစားပေးအစီအစဉ်အလိုက် ခွင့်ပြုနိုင်တဲ့ ဘဏ္ဍာငွေပမာဏအလိုက် လျာထားဆောင်ရွက်ရပါ ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျန်ရှိတဲ့လုပ်ငန်းသုံးခုကိုလည်း လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာ လျာထားဆောင်ရွက်ပါမည်ဖြစ်ကြောင်း ကျွန်တော်တင်ပြပြီးဖြစ်ပါတယ်။ ယခုနှစ်အတွက် ဖြည့်စွက် ရန်ပုံငွေတင်ပြရာမှာ ဖြည့်စွက်ရန်ပုံငွေ၏သဘောသဘာဝအရ မူလသတ်မှတ်ထားတဲ့ စီမံကိန်းများသည် အကြောင်းအမျိုးမျိုးကြောင့် ချဲ့ထွင်ရန်လိုအပ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရန်ပုံငွေဖြည့်စွက်ရန်လိုအပ်ခြင်း အစရှိသဖြင့် ရှိရင်းဆောင်ရွက်ဆဲလုပ်ငန်းများကိုသာအခြေခံပြီး တောင်းခံရပါတယ်။ သို့ဖြစ်ပါ၍ လုပ်ငန်းအသစ်အဖြစ် တင်ပြနိုင်ပါရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာငွေ လျာထားချက်ပြုပြင်ရေးဆွဲရာမှာ ထည့်သွင်းတင်ပြပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေတော်တော်များများသတိပြုမိဖို့လိုတယ်။ အခု ဒီမေးခွန်းတင်မဟုတ်ပါဘူး။ တချို့နေရာတွေမှာလည်း တချို့ကိုယ်စားလှယ်တွေမေးတဲ့အခါမှာ ဖြည့်စွက်ရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေသုံးဖို့ဆိုပြီးတော့ ပြောသွားတာတွေရှိပါတယ်။ ဒီတော့ ဖြည့်စွက် ရန်ပုံငွေဆိုတာ မူလချပေးတဲ့ရန်ပုံငွေပေါ်မှာ လိုအပ်ချက်ကိုထပ်ဖြည့်စွက်တာ။ အသစ်တစ်ခုကို ထပ်တင်ပြီးတော့ ဖြည့်စွက်ရန်ပုံငွေတောင်းလို့မရပါဘူး။ အဲဒါကို ကျွန်တော်တို့က သဘောသဘာဝကို သိဖို့လိုတယ်။ ဒီမေးခွန်းတင်မဟုတ်ဘူး။ ရှေ့ပိုင်းမှာလည်း ဒီလိုပဲ ကျွန်တော်တို့ပြောခဲ့တယ်။ ဖြည့်စွက် ရန်ပုံငွေဆိုတာက ချပြီးသားကိစ္စတစ်ခုအပေါ်မှာ လိုလို့ထပ်ပေးတာ။ လိုသလောက်ထပ်ပေးတာ။ အဲဒါကိုထပ်တင်တောင်းတာမလောက်လို့။ အခုဒီလိုမဟုတ်ဘဲနဲ့ ဖြည့်စွက်ရန်ပုံငွေကို လုပ်ငန်းကိစ္စ တစ်ခု၊ စီမံကိန်းအသစ်တစ်ခုအတွက် ထပ်တောင်းလို့ အဲဒါဖြည့်စွက်ရန်ပုံငွေမရဘူး။ စည်းမျဉ်း စည်းကမ်းနှင့်မညီဘူး။ အဲဒါကျွန်တော်တို့ကိုယ်စားလှယ်များ သတိပြုစေလိုပါတယ်။

**မူကြမ်း**

**ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ် သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ကျေးရွာမှာ ၁၉၂၀ ခုနှစ် ကတည်းက မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ ၁၉၃၂ ခုနှစ်မှစပြီး အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၄၀ ခုနှစ်မှာတော့ အထက်တန်းအဆင့်သင်ကျောင်းအဖြစ်လည်းကောင်း တိုးမြှင့်ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ အဲဒီလို အထက်တန်းကျောင်းအဆင့်အဖြစ် ဖွင့်လှစ်သင်ကြားနေရာမှ ယင်းမာပင်မြို့နယ်အဖြစ် တည်ထောင်တဲ့အခါမှာတော့ ရိုးမတိမ်အထက်တန်းကျောင်းကို မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်တဲ့ ယင်းမာပင်မြို့ကို ပြောင်းရွှေ့ပေးခဲ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ရိုးမတိမ်ရွာကျောင်းအနေနဲ့ အခြေခံပညာအလယ်တန်းကျောင်းအဆင့်အဖြစ်သာ ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာမှ ၁၉၉၅ ခုနှစ်မှာ တွဲဖက်အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်သင်ကြားခွင့်ရရှိခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ၂၀၁၂ ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်သင်ကြားခွင့် ရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်မှာ နဝမတန်းကျောင်းသား ၁၁၄ ယောက်၊ ဒသမတန်းကျောင်းသား ၇၇ ယောက် စုစုပေါင်းအထက်တန်းကျောင်းသား ၁၉၁ ယောက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ စံကိုက်ကျောင်းသားအရေအတွက်အရ အထက်တန်းကျောင်းသား ၂၀၀ ပြည့်မီကျော်လွန်ခြင်းမရှိပါသော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်မှာ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရဲ့အောက်မှာ အခြေခံပညာအလယ်တန်းကျောင်းခွဲပေါင်း ရှစ်ကျောင်းရှိပြီး အဆိုပါကျောင်းခွဲပေါင်းရှစ်ကျောင်းမှ အဋ္ဌမတန်းကျောင်းသားပေါင်း ၂၁၆ ယောက်ရှိတဲ့အတွက် လာမယ့်စာသင်နှစ် ၂၀၁၇-

၂၀၁၈ ခုနှစ်မှာ ၎င်းအဌမတန်းကျောင်းသား ၂၁၆ ယောက်တို့ဟာ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ လာရောက်ပညာသင်ကြားမှာဖြစ်ပါသဖြင့် သတ်မှတ်အထက်တန်းအဆင့်ကျောင်းသားဦးရေကို ပြည့်မီကျော်လွန်သွားမည် ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းအနေနဲ့ ယခင် ၁၉၄၀ ခုနှစ်ကတည်းက အထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်ပညာသင်ခွင့်ရရှိခဲ့သော ကျောင်းဖြစ်ပါသဖြင့် အခြေခံပညာအထက်တန်းကျောင်းအဆင့်နှင့်အညီ ကျောင်းအင်္ဂါရပ်များ၊ ကျောင်းအကျယ်အဝန်းနှင့် အဆောက်အဦးအရေအတွက်များ အဆင်သင့်ရှိနေပြီဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ဒီမေးခွန်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတင်စဉ်အချိန်ကတည်းက မေးမြန်းထားခဲ့တာဖြစ်ပါတယ်။ ယခုအခါ ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်မှာ ရိုးမတိမ် အ.ထ.က(ခွဲ)ဟာ အ.ထ.က အဖြစ် အဆင့်တိုးမြှင့်တဲ့အထဲမှာ ပါမလာတာ တွေ့ရပါတယ်။ ယင်းမာပင်မြို့နယ်တစ်ခုလုံးအတွက် အ.ထ.က ကျောင်းအဖြစ် တိုးမြှင့်ပေးရန် ကျောင်းနှစ်ကျောင်းပဲ တင်ပြခဲ့ပါတယ်။ အခု ရိုးမတိမ်ကျောင်းဟာ ပထမဦးစားပေးအဖြစ် တင်ပြခဲ့သောကျောင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှာလည်း ရိုးမတိမ်ကျောင်း အ.ထ.က တိုးမြှင့်ပေးရေးကိစ္စမေးမြန်းခဲ့ရာ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးက ရိုးမတိမ်ကျောင်းကို ပထမဦးစားပေးအဖြစ် တင်ပြထားကြောင်း ဖြေကြားထားခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော် အဓိကထားတင်ပြချင်တာကတော့ ရိုးမတိမ်ကျောင်းဟာ သမိုင်းနဲ့ချီပြောရရင် ၁၉၄၀ ခုနှစ်ကတည်းက အ.ထ.က အဆင့်ကျောင်း ဖြစ်ခဲ့ပြီးသားကျောင်းဖြစ်တဲ့အတွက် အ.ထ.က ကျောင်းကြီးများရဲ့ အတွေ့အကြုံရှိပြီးသားလည်းဖြစ်ပါတယ်။ ကျောင်းအကျယ်အဝန်းက ၁၆ ဧကရှိတဲ့အပြင် ကျောင်းဆောင်အဆောက်အဦဟာလည်း အဆင်သင့်ရှိပြီဖြစ်ပါတယ်။ ဒါ့အပြင် ယင်းမာပင်မြို့ အ.ထ.က ကျောင်းကြီးမှာ ဒသမတန်း(၁၀)တန်းဖြေဆိုသူကျောင်းသား နှစ်စဉ် ၁၂၂၀ ကျော်ရှိနေပါတယ်။ စာစစ်ဌာနတစ်ခုရဲ့ သတ်မှတ်ကျောင်းသားဦးရေကျော်လွန်နေတဲ့အတွက် ၁၂၂၀ ထက်ပိုတဲ့ ဒသမတန်းကျောင်းသားများကို ရိုးမတိမ် အ.ထ.က(ခွဲ)ကိုပို့ပြီး ၁၀ တန်းစာမေးပွဲဌာနခွဲအဖြစ် ဖြေဆိုခွင့်ပြုခဲ့တာ ၂၀၀၀ ခုနှစ်ကတည်းကဖြစ်ပါတယ်။ ဒါကြောင့် ရိုးမတိမ် အ.ထ.က(ခွဲ)ဟာဖြင့် ၁၀ တန်းစာဖြေဌာနခွဲအဖြစ် လက်ခံကျင်းပခဲ့တာ နှစ်ပေါင်း ၁၅ နှစ်ကျော်အတွေ့အကြုံရှိပြီး ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် အခြေခံပညာအထက်တန်းကျောင်းအဆင့်အဖြစ် တိုးမြှင့်ပေးပါက အားလုံးအဆင်သင့်ဖြစ်နေတဲ့အကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို

အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်မှာ ခွင့်ပြုမပေးနိုင်သော်လည်းပဲ လာမည့် ၂၀၁၈-၂၀၁၉ ခုနှစ် ပညာသင်နှစ်မှာ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်စိုး၏မေးခွန်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ရှိသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်အဆင့်မြှင့်ရန်လိုအပ်သောကျောင်းများရရှိတဲ့ ဘဏ္ဍာငွေသတ်မှတ်ချက်အရ ဖြစ်နိုင်သမျှ၊ အဆင့်မြှင့်နိုင်မှုပြုနိုင်သမျှ ရွေးရှုစိစစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီကျောင်းအဆင့်မြှင့်ရေးသည် နိုင်ငံတော်ဘဏ္ဍာ အမြောက်အမြားသုံးစွဲရတာဖြစ်တဲ့အတွက် အဆင့်မြှင့်ရန်လိုအပ်သောမှုများကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ သတ်မှတ်ထားတဲ့မူအရ အဆင့်တိုးမြှင့်ပေးနိုင်ခဲ့တဲ့ကျောင်းက ၄၁၂ ကျောင်းရှိပါတယ်။ သတ်မှတ်မူနဲ့ပြည့်မီမှုမရှိသော်လည်း ကိုယ်စားလှယ်များ၏တင်ပြမှု၊ ဒေသခံပြည်သူများ၏ဆန္ဒပြင်းပြမှု၊ ခရီးအကွာအဝေး သွားလာရခက်ခဲမှုစသဖြင့် အချက်အလက်များကို ဖြေလျှော့ပြီးတော့ အဆင့်တိုးမြှင့်နိုင်ရန် ဆောင်ရွက်ပေးခဲ့သော အခြေခံပညာကျောင်းပေါင်းမှာ ၄၆၈၇ ကျောင်းရှိပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်းကိုလည်း သက်ဆိုင်ရာကျောင်းအသီးသီးသို့ တိုးမြှင့်ဆောင်ရွက်ပေးပါကြောင်း တင်ပြအပ်ပါတယ်။ ဒီအဆင့်တိုးမြှင့်မှုဟာ ယင်းမာပင်မြို့နယ်အတွင်း အခြေခံပညာ

ကျောင်းစုစုပေါင်း ခြောက်ကျောင်း အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့မူအနေနဲ့ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်း(Sanction) အဖြစ်သို့ အဆင့်တိုးမြှင့်နိုင်ရန် သတ်မှတ်ချက်အရ အထက်အဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက်ရှိခြင်း သို့မဟုတ် သွားလာမှုခက်ခဲမှုအရ ပင်မကျောင်းနှင့်အကွာအဝေး ၁၀ မိုင်အထက်ကွာဝေးခြင်းတို့ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ရိုးမတိမ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ ထပ်ဆင့်ကျောင်းသား ၁၇၁ ဦးရှိပါတယ်။ ပင်မကျောင်းနှင့် ကုန်းလမ်းခရီးဟာ ၃ မိုင်အတွင်းသာရှိတဲ့အတွက် မနှစ်ကတော့ ဦးစားပေးအဆင့်မှာ မပါဝင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဒီကျောင်းဟာ အဆင့်တိုးမြှင့်နိုင်ခြင်းမရှိသော်လည်း အခြေခံပညာအထက်တန်းကျောင်းခွဲဖြစ်သည့်အတွက် အထက်တန်းပညာများသင်ယူခွင့်ရရှိနေတဲ့အတွက်လည်း ဦးစားပေးအဆင့်မှာ မပါရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏တင်ပြချက်အရ ယခုအခါ ကျောင်းသားကျောင်းသူများရဲ့ ပညာသင်အခွင့်အလမ်းများတိုးတက်လာပြီး ပညာသင်နေတဲ့ ကျောင်းသူကျောင်းသားများလည်း များစွာတိုးတက်လာတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒီ ၂၀၁၈-၂၀၁၉ ခုနှစ် ကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်သည့်အခါမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြသောကျောင်းအား ဦးစားပေးအစီအစဉ်ဖြင့် စိစစ်လျာထားဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းဝင်း(အတွင်းရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊

ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ... 

ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီရဲ့တာဝန်ပေးချက်အရ အကျဉ်းချုပ်ပြီးတော့ ဖတ်ကြားတင်ပြ သွားမှာဖြစ်ပါတယ်။

## နိဒါန်း

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀-၂-၂၀၁၆ နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ထပ်မံပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းတွင် ပါဝင်သောကော်မတီဝင်များနှင့် လေ့လာသူတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို နောက်ဆက်တွဲ(က-၁)၊(က-၂)တို့ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီရဲ့ဆောင်ရွက်ချက်များမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းများကို သိရှိနိုင်ရန် ၂၀၁၆ ခုနှစ်အတွင်း ဝန်ကြီးဌာန၏သက်ဆိုင်ရာဦးစီးဌာနများကို ဖိတ်ကြားတွေ့ဆုံခဲ့ရာ ညွှန်ကြားရေးမှူးချုပ်များဦးဆောင်၍ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြခဲ့ကြပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများအနက် မြန်မာ့ရုပ်ရှင်ဥပဒေနဲ့စပ်လျဉ်း၍ ၂၈-၂၀၁၆ ရက်နေ့တွင် ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုပ်ရှင်အစည်းအရုံးတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအနက် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေမူကြမ်း ပြင်ဆင်ရေးဆွဲနိုင်ရန် ၃၁-၈-၂၀၁၆ နေ့တွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ သွားနှင့်ခံတွင်း ဆိုင်ရာဆရာဝန်အသင်း၊ အခြားသော ဝါရင့်သွားနှင့်ခံတွင်းဆရာဝန်ကြီးများဖြင့် ညှိနှိုင်းပြုလုပ်ခဲ့ပါသည်။ အသစ်ရေးဆွဲ၍ လက်ရှိတည်ဆဲဥပဒေကို ရုပ်သိမ်းသင့်သည့် ဥပဒေနှစ်ခုအနက်မှ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေ၊ (၆/၁၉၉၃)ကို အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ပုဂ္ဂိုလ်များနှင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ နေ့တွင် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ဥပဒေ(မူကြမ်း)ကို ဝန်ကြီးဌာနက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါသည်။ ကော်မတီသို့တင်ပြစာများနှင့်တိုင်ကြားစာများ စိစစ်ထားရှိမှုကို နောက်ဆက်တွဲ(ခ-၁)၊(ခ-၂)တို့ဖြင့် ဖော်ပြထားပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခြင်း၊ တစ်နှစ်တာကာလအတွင်း ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃၄)ကြိမ်၊

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် (၁၂)ကြိမ်၊ ပြင်ပအဖွဲ့အစည်းများနဲ့(၄)ကြိမ် စုစုပေါင်း အကြိမ်(၅၀)ပြုလုပ်နိုင်ခဲ့ပြီး မှတ်တမ်းစာရင်းကို နောက်ဆက်တွဲ(ဂ)ဖြင့်ဖော်ပြထားပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်းမှတ်တမ်းစာရင်းကို နောက်ဆက်တွဲ(ဃ)ဖြင့် ဖော်ပြထားပါသည်။ ပြည်တွင်းဆွေးနွေးပွဲများနှင့် အခမ်းအနားများကို (၄၆)ကြိမ်တက်ရောက်ခဲ့ပြီး နောက်ဆက်တွဲ(င)ဖြင့် ဖော်ပြထားပါသည်။ ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးများ(၁၃)ကြိမ် တက်ရောက်ခဲ့ပြီး နောက်ဆက်တွဲ(စ)ဖြင့် ဖော်ပြထားပါသည်။

**သုံးသပ်ချက်**

ဥပဒေများ စိစစ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများမှ ဥပဒေမူကြမ်းညှိနှိုင်းရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ညှိနှိုင်းရပါသည်။ ညှိနှိုင်းရရှိပြီးဥပဒေမူကြမ်းကို လွှတ်တော် ကော်မတီသို့ပေးပို့ရာ ကော်မတီကစိစစ်ပြီးထပ်မံ၍ သက်ဆိုင်ရာဌာနက ပြည်ထောင်စုရှေ့နေချုပ် ရုံးနှင့်ညှိနှိုင်းရပါသဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ လုပ်ငန်းပမာဏများပြားနေပါကြောင်း တင်ပြ အပ်ပါသည်။

**နိဂုံး**

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပြည်သူတို့၏ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် အားကစားဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုရှိစေရန်အတွက် လည်းကောင်း၊ ပြည်သူများ၏ ကျန်းမာရေးတွင် ပြည်သူများကပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေများပြဋ္ဌာန်းရန်ရှိပါက လေ့လာသုံးသပ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ပြည်သူ့ လွှတ်တော်သို့ တင်ပြရန်အတွက်လည်းကောင်း၊ အခြားသောကော်မတီတာဝန်များကိုလည်းကောင်း၊ တက်ကြွစည်းလုံးစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကော်မတီ၏နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သိရှိလမ်းညွှန်မှုပေးနိုင်ပါရန် အစီရင်တင်ပြအပ်ပါသည် ခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**

**ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏**

**နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ**

**မူကြမ်း**

## (၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ)

### နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၂-၂-၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၆)ဖြင့် ကျန်းမာရေး နှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

### ရည်ရွယ်ချက်

၂။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား အောက်ပါရည်ရွယ်ချက်များ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

(က) ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် အားကစားဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရန်။

(ခ) ပြည်သူတို့၏ကျန်းမာရေးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်ရန်။

(ဂ) ပြည်သူများ၏ ကျန်းမာရေးတွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက် နိုင်ရန် လိုအပ်မည့်ဥပဒေပြဋ္ဌာန်းရန်ရှိပါက လေ့လာ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရန်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရန်။

(င) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊စည်းကမ်း၊အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် တည်ဆဲဥပဒေနှင့်လည်းကောင်း၊ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း လိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရန်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကိုကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန်။

**ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းမှုအခြေအနေ**

၃။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ စတင်ဖွဲ့စည်းခြင်းနှင့် ပြင်ဆင် ပြောင်းလဲဖွဲ့စည်းခြင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၂-၂-၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ ဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခြင်း။

(ခ) ၂၈-၁၁-၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၁၆ ဖြင့် ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၁)ဦး ပြောင်းလဲ၍ ပြင်ဆင်ဖွဲ့စည်းခြင်း။

(ဂ) ၁၆-၂-၂၀၁၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ဖြင့် ကော်မတီ အဖွဲ့ဝင်(၂)ဦး ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း။

(ဃ) ၁၆-၂-၂၀၁၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ ဖြင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို လေ့လာသူများအဖြစ် တာဝန်ပေးခြင်း။

၄။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းခြင်းတွင်ပါဝင်သော ကော်မတီဝင်များနှင့် လေ့လာသူတပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းအား နောက်ဆက်တွဲ(က-၁)နှင့်(က-၂)တို့ဖြင့် ဖော်ပြထား ပါသည်။

**ဆောင်ရွက်ချက်များ**

၅။ ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိလေ့လာနိုင်ရန် ကော်မတီရေးရာဆောင် (I-13 အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ဦးစီးဌာနများကို ဖိတ်ကြားခဲ့ပါသည် -

(က) ၁၈-၅-၂၀၁၆ ရက်နေ့တွင် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ခ) ၂၄-၅-၂၀၁၆ ရက်နေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့်ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန

(ဂ) ၂၅-၅-၂၀၁၆ ရက်နေ့တွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန

မူကြမ်း

(ဃ) ၂၁-၉-၂၀၁၆ ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန

၆။ ညွှန်ကြားရေးမှူးချုပ်များဦးဆောင်၍ ဦးစီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန် များကို ကော်မတီသို့ ရှင်းလင်းတင်ပြကြပါသည်။

၇။ **ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအား စိစစ်သုံးသပ်ခြင်း။**

ပြန်ကြားရေးဝန်ကြီးဌာနကစီမံခန့်ခွဲသော ဥပဒေပေါင်း(၆)ခုရှိသည့်အနက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏တာဝန်ပေးချက်အရ အသစ်ရေး၍လက်ရှိတည်ဆဲဥပဒေကို ရုပ်သိမ်းသင့် သောဥပဒေ(၂)ခုကို ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စိစစ်ဆောင်ရွက် ရမည်ဖြစ်ပါသည်။ အဆိုပါဥပဒေ(၂)ခုအနက်မှ မြန်မာ့ရုပ်ရှင်ဥပဒေနှင့်စပ်လျဉ်း၍ ၂-၈-၂၀၁၆ ရက်နေ့တွင် ကော်မတီရေးရာဆောင်(I-13 အပေါ်ထပ်)အစည်းအဝေးခန်းမ၌ ကော်မတီဝင်များ နှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

တရားမဝင်ခိုးကူးခွေများကိစ္စနှင့်စပ်လျဉ်း၍ ၁၄-၉-၂၀၁၆ ရက်နေ့တွင် ကော်မတီဝင် များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ ရုပ်ရှင်/ဗီဒီယို(ဗဟို)၊ ဗီဒီယိုအခြေခံ(ဗဟို)၊ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီနှင့် ရုပ်ရှင်ဗီဒီယို ထုတ်လုပ် ဖြန့်ချိရေးတို့မှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၅၃/၂၀၁၅)ကို နည်းဥပဒေထုတ်ပြန်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး အဖွဲ့ဝင်(၁၆)ဦးဖြင့်ဖွဲ့စည်းထားသော "ပြင်ဆင်သုံးသပ်ရေးနှင့်နည်းဥပဒေ ရေးဆွဲရေး ကော်မတီ" မှ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ကော်မတီသို့ တင်ပြထားပါသည်။

၈။ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအား စိစစ် သုံးသပ်ခြင်း။** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေပေါင်း(၁၇)ခု ရှိသည့်အနက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးချက်အရ ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေ(၂)ခု၊အသစ်ရေးဆွဲသင့်သောဥပဒေ(၂)ခု စုစုပေါင်းဥပဒေ(၄)ခုကို ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအား စိစစ်သုံးသပ် ခြင်း။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေပေါင်း(၂၃)ခု ရှိသည့်အနက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏တာဝန်ပေးချက်အရ ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေ(၇)ခု၊ အသစ်ရေး၍ လက်ရှိတည်ဆဲဥပဒေကို ရုပ်သိမ်းသင့်သော ဥပဒေ(၂)ခု၊ အသစ်ရေးဆွဲသင့်သော ဥပဒေ(၂)ခု စုစုပေါင်းဥပဒေ(၁၁)ခုတို့ကို ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြင်ဆင်ရေးဆွဲသင့်သောဥပဒေ(၇)ခုအနက်မှ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (ဥပဒေအမှတ် ၁၅/၂၀၁၁)ကို ဥပဒေ(မူကြမ်း) ပြုစုရေးဆွဲနိုင်ရန်အတွက် ၃၁-၈-၂၀၁၆ ရက်နေ့တွင် ကော်မတီရေးရာဆောင်(I-13 အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ကော်မတီဝင်များနှင့် မြန်မာ နိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီးနှင့်ပြည်နယ် အသင်းခွဲကိုယ်စားလှယ်များ၊သွားနှင့်ခံတွင်း ဆိုင်ရာ INGO များ၊ ဝါရင့်ပြင်ပ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ကြီးများ၊ အခြားသွားနှင့်ခံတွင်း ဆရာဝန်များဖြင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်သို့ ဥပဒေ(မူကြမ်း) တင်သွင်းနိုင်ရန် အတွက် ကော်မတီက ၂၁-၁၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊၀၃/ပသ(ကမတ-ကျန်းမာရေး)၉/ ၂၀၁၆-၁၀၃ ဖြင့် ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ထားပြီး ဖြစ်ပါသည်။

ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေ(၇)ခုအနက်မှ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၁၉၇၂)နှင့် ကူးစက်ရောဂါများကာကွယ် နှိမ်နင်းရေးဥပဒေ(ဥပဒေအမှတ် ၁/၁၉၉၅)တို့၏ဥပဒေ(မူကြမ်း)များကိုလည်း ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပါသည်။

အသစ်ရေး၍ လက်ရှိတည်ဆဲဥပဒေကို ရုပ်သိမ်းသင့်သောဥပဒေ(၂)ခုအနက်မှ မြန်မာ နိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေ (၆/၁၉၉၃)ကို ကော်မတီဝင်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ ပုဂ္ဂိုလ်များနှင့် ၈-၉-၂၀၁၆ ရက်နေ့တွင် ကော်မတီရေးရာဆောင်(I-13 အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်း အဝေးပြုလုပ်ခဲ့ပါသည်။ ဥပဒေ(မူကြမ်း)ကို ဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ ထားပါသည်။

ပြဋ္ဌာန်းပြီး တည်ဆဲဥပဒေများကို နည်းဥပဒေထုတ်ပြန်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီနည်းဥပဒေ(စတုတ္ထမူကြမ်း) နှင့်

ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းနှင့်အစားထိုးကုသခြင်းဆိုင်ရာ နည်းဥပဒေ (ပထမမူကြမ်း)တို့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ကြောင်းကိုလည်း ကော်မတီသို့ တင်ပြထားပါသည်။

၁၀။ **တင်ပြစာများနှင့် တိုင်ကြားစာများ စိစစ်ဆောင်ရွက်ခြင်း။** ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ စတင်ဖွဲ့စည်းသည့်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ တင်ပြစာ(၂၁)စောင်နှင့်တိုင်ကြားစာ(၈)စောင်ရရှိခဲ့ပါသည်။ တင်ပြစာများနှင့်တိုင်ကြားစာများဆောင်ရွက်ထားရှိမှုအား နောက်ဆက်တွဲ(ခ-၁)နှင့်(ခ-၂)ဖြင့်ဖော်ပြထားပါသည်။

၁၁။ **အမျိုးသားစီမံကိန်း ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်သုံးသပ်ခြင်း။**

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း (ပြင်ဆင်ချက်)နှင့် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင် သည့် ဥပဒေ(မူကြမ်း)တွင်ပါဝင်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရငွေသုံးငွေများ၊ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းပါရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရငွေသုံးငွေများအပေါ် စိစစ်၍ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ် နိုင်ငံတော်၏အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်ပါဝင်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအား စိစစ်၍ ပြင်ဆင်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၁၂။ **လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း။** ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃၄)ကြိမ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်(၁၂)ကြိမ်၊ ပြင်ပအဖွဲ့အစည်းများနှင့်(၄)ကြိမ် စုစုပေါင်းညှိနှိုင်းအစည်းအဝေးအကြိမ်(၅၀)ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ညှိနှိုင်းအစည်းအဝေး မှတ်တမ်းစာရင်းအား နောက်ဆက်တွဲ(ဂ)ဖြင့်ဖော်ပြထားပါသည်။

၁၃။ **နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း။** ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ CSIS, Westminster, 3MDG Fund Board, UNESCO နှင့် Hirondelle Foundation တို့နှင့် စုစုပေါင်း(၄)ကြိမ်လက်ခံတွေ့ဆုံခဲ့ပါသည်။ လက်ခံတွေ့ဆုံမှု မှတ်တမ်းစာရင်းအား နောက်ဆက်တွဲ(ဃ)ဖြင့် ဖော်ပြထားပါသည်။

၁၄။ **ပြည်တွင်းဆွေးနွေးပွဲများနှင့် အခမ်းအနားများ တက်ရောက်ခြင်း။** ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ပြည်တွင်းပြည်ပ၊နိုင်ငံတကာ အဖွဲ့အစည်းများမှကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများ စုစုပေါင်း(၄၆)ကြိမ် တက်ရောက်ခဲ့ပါသည်။ပြည်တွင်းဆွေးနွေးပွဲများနှင့် အခမ်းအနားများ တက်ရောက်မှုစာရင်းအား နောက်ဆက်တွဲ(င)ဖြင့် ဖော်ပြထားပါသည်။

၁၅။ **ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးများ တက်ရောက်ခြင်း။** ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ အရှေ့တောင်အာရှနိုင်ငံများနှင့်ဥရောပနိုင်ငံများသို့ ပြည်ပ ဆွေးနွေးပွဲများနှင့်အစည်းအဝေးများ စုစုပေါင်း(၁၃)ကြိမ်တက်ရောက်ခဲ့ပါသည်။ တက်ရောက်ခဲ့မှု စာရင်းအား နောက်ဆက်တွဲ(စ)ဖြင့်ဖော်ပြထားပါသည်။

၁၆။ **ကော်မတီက ကျင်းပပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများ။** ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီသည် Community Partner International (CPI)နှင့် မြန်မာ့ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကိုလည်းကောင်း၊ ဆီးချိုသွေးချို ဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ကျန်းမာရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ၁၇-၈-၂၀၁၆ ရက်နေ့ တွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနှင့်လည်း ပူးပေါင်း၍ မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်ကောက်ခံခြင်းဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကိုလည်း ၁၀-၉-၂၀၁၆ ရက်နေ့မှ ၁၁-၉-၂၀၁၆ ရက်နေ့အထိ နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌လည်းကောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၆ ခုနှစ်၊စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၃ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခဲ့ရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဥက္ကဋ္ဌအဖြစ်ခေါင်းဆောင်သော Committee on Joint Communique အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ Committee on Social Matters အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံတွင် Strengthening Cooperation among AIPA Member Parliaments on Preparedness and Response to Zika Virus Infection နှင့် Draft Resolution on Strengthening Cooperation among AIPA Member Parliaments on the Implementation of Plan of Action to materialize ASEAN Declaration on Strengthening Social Protection ခေါင်းစဉ်တို့ကို ဆွေးနွေး တင်ပြနိုင်ခဲ့ပါသည်။ ကော်မတီအဖွဲ့ဝင် ဒေါ်ဖြူဖြူသင်းသည်လည်း Committee on WAIPA အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၁၇။ **လွှတ်တော်သို့ တင်သွင်းခဲ့သည့် မေးခွန်းနှင့်အဆိုများ။** ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များသည် ၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ လွှတ်တော်တွင် အဆို(၇)ခုတင်သွင်းခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်း(၂၅)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၄၁)ခုတို့ကိုမေးမြန်းခဲ့ကြပါသည်။ အဆိုများနှင့်မေးခွန်းများစာရင်းကို နောက်ဆက်တွဲ(ဆ)ဖြင့် ဖော်ပြထားပါသည်။

## သုံးသပ်ချက်

၁၈။ ဥပဒေများစိစစ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများမှ ဥပဒေ(မူကြမ်း) ညှိနှိုင်း ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ညှိနှိုင်းရပါသည်။ ညှိနှိုင်းရရှိပြီး ဥပဒေ(မူကြမ်း)ကို လွှတ်တော်ကော်မတီသို့ပေးပို့ရာ ကော်မတီကစိစစ်ပြီး ထပ်မံ၍ သက်ဆိုင်ရာဌာနက ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့်ညှိနှိုင်းရပါသဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ လုပ်ငန်းပမာဏများပြား နေပါကြောင်း တင်ပြအပ်ပါသည်။

## နိဂုံး

၁၉။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပြည်သူတို့၏ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် အားကစားဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်မှုရှိစေရန်အတွက်လည်းကောင်း၊ပြည်သူများ၏ကျန်းမာရေးတွင် ပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေများ ပြဋ္ဌာန်းရန်ရှိပါက လေ့လာသုံးသပ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် ပြည်သူ့လွှတ်တော်သို့တင်ပြရန်အတွက်လည်းကောင်း၊ အခြားသောကော်မတီတာဝန်များကိုလည်းကောင်း တက်ကြွစည်းလုံးစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း နှင့် ကော်မတီ၏နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို သိရှိလမ်းညွှန်မှု ပြုပေး နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၆-၆-၂၀၁၇ ရက်နေ့(သောကြာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းတိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု

အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို (၈-၆-၂၀၁၇) ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဌေးငွေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဌေးငွေ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၁၄၀
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည်ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၈-၆-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၇-၂၃၀

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၃၁-၅-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့

ပြီး ၈-၆-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရုပ်သိမ်းရန် ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ၂၂-၃-၁၈၅၀ တွင်ပြဋ္ဌာန်းခဲ့သော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေ (The Public Accountants Default Act, 1850) သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေမပြဋ္ဌာန်းမီကာလက အများပြည်သူတို့ နစ်နာမှုမရှိစေရန်အတွက် လုပ်ငန်းများကို ယုံကြည်အပ်နှံထားခြင်းခံရသည့် စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်နေကြသော စာရင်းတာဝန်ခံပုဂ္ဂိုလ်များထံမှ အာမခံပစ္စည်းများတောင်းယူခြင်း၊ ၎င်းတို့လုပ်ကိုင်မှုအပေါ် အချိန်ကာလအားလျော်စွာ စည်းမျဉ်းစည်းကမ်းဥပဒေများ ထုတ်ပြန်ပြီး အရေးယူဆောင်ရွက်နိုင်ရန် စီမံထားသည့် ရှေးအကျဆုံးအစီအမံတစ်ခုဖြစ်ပါသည်။

(ခ) ယခုအခါ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ယုံကြည်အပ်နှံမှုအက်ဥပဒေတို့ကို ပြဋ္ဌာန်းပြီးဖြစ်ပါသောကြောင့် အများပြည်သူတို့အတွက် တာဝန်ခံမှု၊ တာဝန်ယူမှုများလည်း ထိုကုမ္ပဏီများအက်ဥပဒေမှာ ပါရှိထားပြီးဖြစ်ပါသောကြောင့် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေမှာ လက်ရှိအခြေအနေမှာ အသုံးပြုရန် မလိုအပ်တော့ပါဘူး။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၆-၂၀၁၇ ရက်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်များနှင့်ပြင်ဆင်ရန် တင်ပြချက်များကို ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁

အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၁၄၀
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၈-၆-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၇-၂၃၀

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃၁-၅-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး

၈-၆-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းချက်ပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုစာရင်းချုပ်ရုံးက ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရုပ်သိမ်းရန် ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) ၂၂-၃-၁၈၅၀ တွင်ပြဋ္ဌာန်းခဲ့သော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေ (The Public Accountants Default Act, 1850) သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ မပေါ်မီကာလက အများပြည်သူတို့ နစ်နာမှုမရှိစေရန်အတွက် လုပ်ငန်းများကို ယုံကြည်အပ်နှံထားခြင်းခံရသည့် စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်နေသူ စာရင်းတာဝန်ခံပုဂ္ဂိုလ်များထံမှ အာမခံပစ္စည်းများ တောင်းယူခြင်း၊ ၎င်းတို့ကို လုပ်ကိုင်မှုအပေါ် အချိန်ကာလအားလျော်စွာ စည်းမျဉ်းဥပဒေများထုတ်ပြန်ပြီး အရေးယူဆောင်ရွက်နိုင်ရန် စီမံထားသည့်ရှေးအကျဆုံး အစီအမံတစ်ခုဖြစ်ခြင်း၊

(ခ) ယခုအခါ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ယုံကြည်အပ်နှံမှုအက်ဥပဒေတို့ကို ပြဋ္ဌာန်းပြီးဖြစ်သောကြောင့် အများပြည်သူအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုများလည်း ကုမ္ပဏီဥပဒေတွင် ပါရှိထားပြီးဖြစ်သောကြောင့် ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေမှာ လက်ရှိအခြေအနေတွင် အသုံးပြုရန် မလိုအပ်တော့ခြင်း၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၆-၂၀၁၇ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂)ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏အတည်ပြုချက်များအနက် အချက် (၂)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အပိုဒ် ၂ ကိုအောက်ပါအတိုင်း ပြင်ဆင်ပါသည်။

၂။ The Public Accountants Default Act, 1850 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၉-၆-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်ကတင်သွင်းသည့် နိုင်ငံသားများအား စားသုံးသူပညာပေးရေး(Consumer Education)ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက် တဖြည်းဖြည်း ပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာ အလယ်တန်း(၆၊ ၇၊ ၈)တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့(၂-၆-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ နိုင်ငံသားများအား စားသုံးသူပညာပေးရေး(Consumer Education)ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသော ဝန်ဆောင်မှုများ ဈေးကွက်

တွင် အလိုအလျောက် တဖြည်းဖြည်းပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာ အလယ်တန်း (၆၊ ၇၊ ၈)တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၆ ဦး ရှိပါ တယ်။ ပထမဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရန်လင်းတင်သွင်းတဲ့ စားသုံးသူပညာပေးရေးနဲ့ပတ်သက်တဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စားသုံးသူပညာ ပေးရေး(Consumer Education)ဆိုတာ စကားလုံးကြီး ခန့်ထည်နေတဲ့အတွက် ပြည်သူတွေနဲ့ နည်းနည်းစိမ်းနေတာပါ။ လူတွေရဲ့နေ့စဉ်စားသောက်၊ သုံးစွဲနေထိုင်၊ ဝယ်ယူမှုတွေနဲ့ အမြဲဆက်စပ် နေပါတယ်။ တန်ရာတန်ဖိုးပေးပြီးတော့ လိမ်တာညာတာခံရ၊ အတုအယောင်ဝယ်မိ၊ မလေးမစား အလုပ်ခံရတာတွေ မလိုချင်ကြပါဘူး။ အကောင်းဆုံး၊ အမှန်ကန်ဆုံး၊ စိတ်အချမ်းမြေ့ဆုံး၊ ကိုယ်နဲ့ ပေးတာနဲ့ တန်ရာတန်ကြေးကို လိုချင်ကြပါတယ်။ ဒီအချက်တွေရအောင်သိထား၊ တတ်ထားသင့်တဲ့ ပညာကို စားသုံးသူပညာပေးရေး(Consumer Education)လို့ ခေါ်တာပါပဲ။ စားတဲ့အစာတွေမှာ သိုးနေရင်၊ အချဉ်ပေါက်နေရင်၊ တူးနေရင်၊ ခါးနေရင်၊ မီးခိုစော်နံနေရင်၊ အရောင်တွေပြောင်းနေရင် မကောင်းဘူးဆိုတာသိတာပါပဲ။ အဲဒါပညာပါပဲ။ ပိုတိကျအောင်တော့ ဓာတ်ခွဲခန်းမှာ စမ်းသပ်ရမှာပါ။ ဘာပိုးတွေပေါက်နေလဲ။ ဘယ်လိုဓာတ်သတ္တုပစ္စည်းတွေပါနေလဲ။ ဘယ်အရောင်ဆိုးဆေးတွေပါနေလဲ။ ပိုးသတ် ဆေးအကြွင်းအကျန်တွေရော ဘယ်လောက်ရှိသလဲ။ ဓာတုပစ္စည်းတွေ၊ ပရိဇီဝဆေးကြွင်းတွေ၊ အသား၊ ငါး၊ နို့နှင့် ဥတွေမှာပါနေသေးလား စသည်ဖြင့် အများကြီးပါ။ ဒါပေမဲ့ စားသုံးသူဆိုတဲ့ Consumer က တော့ သူ့မှာရှိတဲ့ မြင်၊ ကြား၊ နံ၊ စား၊ ထိ ဆိုတဲ့ အာရုံငါးပါးနဲ့ပဲ အသုံးပြုနိုင်တာမို့လို့ ဒီလိုဓာတ်ခွဲခန်း ကိစ္စရပ်တွေကို စစ်လို့မရပါဘူး။ အဲဒီလိုဆို ဘယ်လိုစစ်မှာလဲ။ အဲဒီတော့ ကျွန်တော်တို့ စားမယ့်၊ သုံးမယ့်ပစ္စည်းတွေမှာ၊ ပုလင်းတွေ၊ အထုပ်တွေမှာ ရေးထားတဲ့ အမှတ်တံဆိပ် (Labeling)

ဆိုတဲ့ကိစ္စဟာ အရေးကြီးလာပါတယ်။ အမှတ်တံဆိပ်ဆိုတာ သူရဲ့ကတိဝန်ခံချက်ပါ။ ကျွန်တော်တို့ မစစ်နိုင်တဲ့ ဓာတ်ခွဲခန်းအဖြေတွေကို၊ ဓာတ်ခွဲခန်းကိစ္စရပ်တွေကို သူကအာမခံပေးထားတာပါ။ ဘာပစ္စည်းပါ။ Kinds of Food အနေနဲ့ ဘယ်လိုတွေ နာမည်ပေးထားပါတယ်။ Trade Name ရှိပါတယ်။ ဘယ်လိုအမျိုးအစားတွေပါပါတယ်။ Ingredients တွေ ပါတာကိုရေးထားပါတယ်။ ဘယ်ပစ္စည်းတွေ ထပ်ပေါင်းထည့်ထားသလဲ၊ Added လုပ်ထားသလဲဆိုတာ ပါပါတယ်။ ဘယ်နေ့က ထုတ်တာလဲ၊ Manufacture Date ရေးထားပါတယ်။ ဘယ်လောက်ထိခံပါသလဲ Expire date ရေးထားပါတယ်။ အသုတ်လိုက်၊ အသုတ်လိုက်ထုတ်တယ်ဆိုရင် သူတို့မှာ Batch Number ဒါမှမဟုတ် Lot Number စသည်ဖြင့် ဖော်ပြထားတာရှိပါတယ်။ အဲဒီတော့ ထုတ်လုပ်တဲ့နေရာ မှာလည်း ဘယ်ကထုတ်လုပ် လိုက်ပါတယ်ဆိုတဲ့ လိပ်စာ(Address)ပါပါတယ်ခင်ဗျား။ အဲဒီတော့ ဒီလိုသူရေးပေးထားတာတွေ မှန်လား၊ မမှန်လားဆိုတာ ဥပမာ အစာတို့၊ ဆေးဝါးတို့၊ အလှကုန်တို့ဆိုရင် FDA-Food and Drug Administration အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကနေ ပြီးတော့ ထောက်ခံပေးထားပါတယ်။ ဒီလိုထောက်ခံချက်ရမှလည်းပဲ ထုတ်လုပ်ခွင့်၊ ရောင်းချခွင့်၊ တင်သွင်းခွင့်၊ တင်ပို့ခွင့်တွေရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပစ္စည်းတစ်ခုကို ကြည့်ပြီးတော့ အရောင်တွေပြောင်း သွားရင်၊ အနံ့မကောင်းဘူး၊ အရသာတွေပျက်နေတယ်။ သူ့ Labeling မှာ ရေးထားတဲ့၊ အမှတ်တံဆိပ် မှာရေးထားတဲ့အချက်တွေနဲ့ မကိုက်ညီဘူးဆိုရင်တော့ ကျွန်တော်တို့က တရားစွဲနိုင်ပါတယ်။ အခု ဆိုရင် မြန်မာနိုင်ငံစားသုံးသူများအသင်း(Myanmar Consumer Union)ကို အွန်လိုင်းကနေပြီးတော့ တိုင်လို့ရနေပါပြီ။ စားသုံးသူတွေမှာ ဒီလိုအခွင့်အရေး တွေရှိတယ်ဆိုတာသိဖို့ အဆိုရှင်က (၆)တန်း၊ (၇)တန်း၊ (၈)တန်းကလေးတွေကို စားသုံးသူပညာ ပေးရေး(Consumer Education)ဆိုတာ ပေးချင်တာပါ။ သူတို့သိရင် သူ့မိဘတွေလည်း သိမယ်။ သူတို့အချင်းချင်းလည်း ထိန်းနိုင်မယ်။ Peers to Peers Education ဆိုတာဟာ အဲဒီလိုပညာပေး ခြင်းက ပိုပြီးထိရောက်ပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းဖြစ်တဲ့ ထိုင်းနိုင်ငံမှာဆိုရင် ၁၉၇၉ ခုနှစ် ကတည်းက ဥပဒေပြဌာန်းပါတယ်။ ၂၀၀၁ ခုနှစ်မှာ အလယ်တန်း ကလေးတွေကို သင်ရိုးမှာထည့်သွင်း ပြီးတော့ သင်ပေးပါတယ်။ သူတို့ဆီမှာဆိုရင် ကျောင်းတွေမှာ ကျောင်းမုန့်ဈေးတန်းစစ်ဆေးရေးအဖွဲ့ ဆိုတာ ကျောင်းသားလေးတွေကိုယ်တိုင် ငါးယောက်တစ်ဖွဲ့၊ ၁၀ ယောက်တစ်ဖွဲ့ ဖွဲ့ပေးထားပါတယ်။ သူတို့တွေကို Food Rubbish Testes လို့ခေါ်တဲ့ စမ်းသပ်တဲ့ သေတ္တာလေးတွေ ပေးထားပါတယ်။ အရောင်ဘယ်လောက်ပါသလဲ။ အနံ့မကောင်းဘူးလား။ Expire date လွန်နေပြီလား။ နောက်

ထားတာ၊ သိုတာတွေရော ယင်တွေနားနေသလား။ နေပူတဲ့နေရာမှာထားသလား စသည်ဖြင့် ကလေးတွေက လိုက်ပြီးတော့ စစ်ဆေးရပါတယ်။ ထုပ်ပိုးပေးတဲ့၊ အသုပ်လုပ်ပေး တဲ့သူတွေဟာ လက်အိတ်ဝတ်ထားသလား။ နှာခေါင်းစည်း စည်းထားသလား။ ဒါမှမဟုတ်ရင် သူတို့ရဲ့ ကျန်းမာရေးအခြေအနေတွေ ဘယ်လိုရှိသလဲ။ ဖျားနေသလား။ နာနေသလား။ ချောင်းဆိုးသလား။ နှာစေးနေသလား စသည်ဖြင့် ဒီအချက်အလက်တွေကို ကလေးတွေကိုယ်တိုင် စစ်ရပါတယ်။ ဒါကြောင့် ကလေးတွေက ပိုလည်း ပျော်ရွှင်ပါတယ်။ မုန့်ဈေးတန်းတွေလည်း ကျန်းမာရေးနဲ့ပိုပြီးတော့ ညီညွတ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အဆိုရှင်တင်ပြသလို သင်ရိုးညွှန်းတမ်းဆွဲပြီးတော့ (၆)တန်း၊ (၇)တန်း၊ (၈)တန်း ကလေးတွေကို သင်ပေးနိုင်ရင် ကောင်းပါတယ်။ ဒီလိုမဖြစ်နိုင်သေးရင်တော့ ကျောင်းရဲ့ ဆွေးနွေးခြင်းအချိန်တွေမှာ စာမေးပွဲမစစ်တဲ့ဘာသာရပ်တစ်ခုအနေနဲ့ ကလေးတွေကို ချပြဆွေးနွေးခြင်းအားဖြင့် အသိပညာပေးခြင်းဆောင်ရွက်သင့်ပါကြောင်း ထောက်ခံအကြံပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က ယခုအခါမှာ ပြည်သူတွေသိရှိပြီးတော့ အမှန်တကယ်လိုက်နာလုပ်ဆောင်ဖို့လိုနေတဲ့ စားသုံးသူများရဲ့အခွင့်အရေးဆိုင်ရာအချက်အလက်တွေကို စားသုံးသူတွေဆီကို ဘယ်နည်းလမ်းနဲ့ အထိရောက်ဆုံး တင်ပြနိုင်မလဲဆိုတာကို တင်သွင်းခဲ့တယ်လို့ သုံးသပ်မိပါတယ်။ ကျွန်မတို့နိုင်ငံမှာ ယခင်က Communicable Desease လို့ခေါ်တဲ့ ကူးစက်နိုင်တဲ့ ရောဂါတွေရဲ့ပြဿနာဟာ အလွန်ကြီးမားခဲ့ပါတယ်။ စီမံချက်တွေ ချမှတ်ပြီးတော့ တိုက်ဖျက်ခဲ့ကြရပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်း ဆယ်စုနှစ် နှစ်ခုလောက်မှာတော့ Non-Communicable Desease တွေဖြစ်တဲ့ မကူးစက်နိုင်သော သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေ၊

ကင်ဆာရောဂါတွေဟာ မသိမသာကနေ သိသာစွာခေါင်းထောင်လာကြပါတယ်။ ကြီးမားတဲ့ ကျန်းမာရေးပြဿနာတွေဖြစ်လာခဲ့ပါတယ်။ ဒါတွေကို ဖြစ်စေတဲ့အကြောင်းရင်းတွေထဲမှာ နေထိုင်စားသောက်မှုပုံစံပြောင်းလဲလာခြင်းနှင့် ကျန်းမာရေးအတွက် တကယ်အရေးကြီးတဲ့အစားအစာတွေ၊ ဆေးဝါးတွေကို၊ ဝန်ဆောင်မှုတွေကို ဘယ်လိုရွေးချယ်သုံးစွဲရမလဲဆိုတာကို ပြည်သူတွေမှာ ဗဟုသုတအားနည်းနေတာဟာ အဓိကကျနေတယ်ဆိုတာ သေချာပါတယ်။ ဒီလို ရွေးချယ်မသုံးစွဲနိုင်တဲ့အတွက် ပြည်သူတွေဟာ သက်တမ်းတိုကြရပါတယ်။ နိုင်ငံရဲ့ကျန်းမာရေးအဆင့်အတန်းဟာလည်း ကမ္ဘာမှာ အောက်ဆုံးကို ရောက်လုနီးပါးဖြစ်နေပါပြီ။ အားကစားကလည်း အလွန်နိမ့်ကျနေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စားသုံးသူပညာရေး၊ စားသုံးသူအခွင့်အရေး၊ စားသုံးသူကာကွယ်ရေးဆိုတဲ့အကြောင်းအရာတွေဟာ ကျွန်မတို့ပြည်သူတွေနဲ့ အလှမ်းကွာဝေးလို့မဖြစ်တော့ပါဘူး။ ဒီအချက်တွေကို စားသုံးသူတွေ သိရှိရမယ်။ သိရှိပြီးတော့လည်း တကယ်လိုက်နာဆောင်ရွက်နိုင်အောင်လို့ လုပ်ဆောင်ပေးကြရမှာက ကျွန်မတို့ရဲ့တာဝန်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါဆိုလို့ရှိရင် ကျွန်မတို့က စားသုံးသူပညာရေးဆိုတာ ဆရာဦးသန်းအောင်စိုးကတော့ လွယ်လွယ်လေးလို့ပြောပါတယ်။ ဟုတ်ပါတယ်။ ဒီစားသုံးသူပညာရေးကို သိမှပဲ စားသုံးသူတွေဟာ သတင်းအချက်အလက်တွေကို အခြေခံပြီးတော့ စားသုံးတဲ့အစားအစာတွေ၊ ကုန်စည်တွေကို ဆန်းစစ်နိုင်မယ်။ ထုတ်လုပ်တဲ့သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း စားသုံးသူတွေကို တန်ဖိုးထားလာပြီးတော့ စားသုံးသူတွေဟာ မိမိတို့ရဲ့ရပိုင်ခွင့်တွေကို၊ တာဝန်ဝတ္တရားတွေကို သိရှိလာကြမှာဖြစ်ပါတယ်။ စားသုံးသူတွေရဲ့အခွင့်အရေးကြိုးပမ်းတဲ့နေရာမှာလည်း စားသုံးသူပညာရေးဟာ အထောက်အကူဖြစ်လာပါတယ်။ စားသုံးသူပညာရေးဆိုတာက ဒါကြောင့်မို့လို့ ထူးထူးခြားခြားတော့မဟုတ်ပါဘူး။ ဈေးကွက်က ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို ဝယ်ယူသုံးစွဲတဲ့နေရာမှာ ရွေးချယ်မှုမှန်ကန်စေဖို့ အထောက်အပံ့ကောင်းတစ်ခုပဲဖြစ်ပါတယ်။ ဒါကို သိရှိမယ်ဆိုရင် စားသုံးသူတွေဟာ သူတို့ရဲ့ရပိုင်ခွင့်တွေကို သိလာမယ်။ အဲဒါကတော့ အချက်ရှစ်ချက်ရှိပါတယ်။ အဆိုရှင်က အကျယ်တဝင့်တင်ပြပြီးဖြစ်ပေမဲ့လည်း ကျွန်မအကျဉ်းချုပ်ပြီးတော့ ပြန်လည်တင်ပြလိုပါတယ်။ အဲဒီအချက်တွေကတော့ အခြေခံလိုအပ်ချက်ရပိုင်ခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲခွင့်၊ သတင်းအချက်အလက်ရပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်၊ အရေးဆိုတင်ပြပိုင်ခွင့်၊ လျော်ကြေးနစ်နာကြေးရပိုင်ခွင့်၊ စားသုံးသူအသိပညာရပိုင်ခွင့်၊ ကျန်းမာမျှတတဲ့သဘာဝပတ်ဝန်းကျင်ရပိုင်ခွင့်တို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ စားသုံးသူအသိပညာရပိုင်ခွင့်ဟာ အလွန်ပဲ

အရေးကြီးပါတယ်။ ဒါ့အပြင် စားသုံးသူတွေဟာ ရပိုင်ခွင့်တွေရှိသလို တာဝန်ဝတ္တရားတွေရှိတယ်ဆိုတာကိုလည်း စားသုံးသူပညာပေးရေး(Consumer Education)ကနေ သိရမှာဖြစ်ပါတယ်။ စားသုံးသူတွေရဲ့တာဝန်တွေကတော့ ကုန်စည်တွေကို ရွေးချယ်ဝယ်ယူတဲ့နေရာမှာ အထူးသတိရှိကြရပါမယ်။ မိမိကိုယ်တိုင်လည်း လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ လူမှုပတ်ဝန်းကျင်ကို အလေးထားပူပန်ကြရမယ်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဖို့အတွက် အသိတရားရှိကြရမှာဖြစ်ပါတယ်။ စားသုံးသူအချင်းချင်း စည်းလုံးညီညွတ် မှုရှိခြင်းကလည်း ဒါဟာ စားသုံးသူတွေရဲ့တာဝန်တစ်ရပ်ပဲဖြစ်ပါတယ်ရှင်။ ပြည်သူတွေဟာ စားသုံးသူပညာရေးမှာပါဝင်တဲ့အချက်တွေကို သိရှိဖို့လည်းလိုတယ်။ စွဲစွဲမြဲမြဲလိုက်နာကျင့်သုံးဖို့လည်း လိုပါတယ်။ ဒါကို ကျွန်မတို့က ဘယ်လိုနည်းလမ်းတွေသုံးပြီးတော့ သူတို့ဆီကို ရောက်အောင်ပြောမလဲ။ ပုံမှန်အားဖြင့်တော့ မိမိကိုယ်တိုင် ဦးနှောက်ကလေးနဲ့ပေါ့နော်။ ရွေးချယ်ဝယ်ယူနေကြပေမဲ့ တကယ့် အဓိကအချက်အလက်တွေကို ကျွန်မတို့ သူတို့ကို သတင်းပေးရမှာဖြစ်ပါတယ်။ ဒီလိုပေးတဲ့နေရာမှာ ကျွန်မတို့က ပညာပေးဟောပြောပွဲတွေကျင်းပပြီး ဆောင်ရွက်နိုင်တယ်။ လက်ကမ်းစာစောင်တွေ ဝေငှနိုင်တယ်။ ရုပ်သံမီဒီယာတွေကနေပြီးတော့မှ ဇာတ်လမ်းတိုတွေ ကျွန်မတို့ရိုက်ကူးထုတ်လုပ်နိုင်ပါတယ်။ စာစောင်တွေ၊ ဂျာနယ်တွေမှာလည်း ထည့်သွင်းဖော်ပြလို့ရပါတယ်။ ဒါတွေကို သိရှိပြီးတော့ တကယ်စွဲစွဲမြဲမြဲသုံးစွဲနိုင်ပါ့မလားဆိုတာတော့ ကျွန်မတို့စဉ်းစားရမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ ဒီလိုရွေးချယ်တတ်တဲ့ အလေ့အကျင့်တွေကို ဖြစ်လာဖို့ဆိုရင်တော့ အဆိုရှင် တင်ပြသလိုပဲ အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူတွေကို သင်ရိုးမှာထည့်သွင်းသင်ကြားပေးမယ်ဆိုရင်တော့ အလွန်ပဲထိရောက်မယ်ဆိုတာ သေချာနေပါတယ်။ ကလေးတွေဟာ သူတို့စိတ်ဝင်စားတဲ့ အချက်အလက်တွေကို တကယ်လေ့လာသင်ယူလိုကြပါတယ်။ သူတို့ တကယ်ကို မှတ်သားနိုင်မယ့်နည်းလမ်းတွေနဲ့ သင်ကြားပေးမယ်ဆိုလို့ရှိရင် အလွန်ထိရောက်မယ်လို့ပဲ တင်ပြချင်ပါတယ်။

ယခုအခါမှာ ကျွန်မတို့ရဲ့ကလေးတွေကို တွဲဖက်သင်ရိုးအနေနဲ့ စာရိတ္တ၊ ပြည်သူ့နီတိ၊ ဘဝတွက်တာသင်ခန်းစာတွေကို သင်ကြားလျက်ရှိပါတယ်။ ဒီနေရာမှာ ကလေးတွေကို အစာအုပ်စုအကြောင်းတွေ၊ တားမြစ်ထားတဲ့အစားအစာအကြောင်းတွေကို သင်ကြားပေးနေတာဖြစ်တဲ့အတွက် အဲဒီမှာပဲ ဒီတွဲဖက်သင်ရိုးမှာပဲ စားသုံးသူပညာရေး၊ စားသုံးသူကာကွယ်ရေး၊ အခွင့်အရေးတွေကို ကျွန်မတို့ကထည့်သွင်း သင်ကြားသင့်ကြောင်းကို အလေးအနက်အကြံပြုပါတယ်။ စားသုံးသူကာကွယ်ရေးမှာ အဓိကထောက်တိုင်ကြီးလေးခုထဲမှာ တကယ်ကို အဓိကကျတာတော့ ကျွန်မတို့

အစိုးရဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအနေနဲ့လည်း ကျွန်မတို့အသစ်ရေးဆွဲမယ့် သင်ရိုးမှာ တွဲဖက်သင်ရိုးအနေနဲ့ ဒီစားသုံးသူပညာပေးရေး(Consumer Education)ကို ထည့်သွင်း ဆောင်ရွက်ပေးပါရန် အလေးအနက်ကျွန်မတိုက်တွန်းပါတယ်။ နိဂုံးချုပ်အနေနဲ့တော့ ကျွန်မတို့ ကျောင်းသူကျောင်းသားများအပါအဝင် ပြည်သူတွေအားလုံး စားသုံးသူပညာရေးဆိုင်ရာ အချက် အလက်တွေကို သိရှိလိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် ကျန်းမာကြံ့ခိုင်ပြီး အသက်ရှည်ကြတဲ့ နိုင်ငံသား များနဲ့ အနာဂတ်နိုင်ငံတော်ကို အဘက်ဘက်က တိုးတက်အောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြရင်း ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းရဲ့အဆိုကို ထောက်ခံအကြံပြုလိုက်ရပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာစကားမှာ မရှိတာထက် မသိတာခက်ဆိုတဲ့ဆိုရိုးစကားတစ်ခု ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက အခြေခံပြည်သူလူထု ဧရာမ အများစုကြီးကတော့ ဒီ အမှောင်ခေတ်ကြီးတစ်ခုရဲ့ဒဏ်ရာဒဏ်ချက်တွေကြောင့် မသိလည်းမသိ၊ မရှိလည်းမဖြစ် ဖြစ်ပြီးတော့ အခက်ကြီးခက်နေရပါတယ်။ မရှိတာကတော့ ကျွန်တော်တို့ ဘဝတစ်သက်တာမှာ ကျန်းမာစွာ၊ အသက်ရှည်စွာ နေထိုင်သွားဖို့အတွက် လုံလောက်တဲ့ငွေကြေးမရှိ တာပါ။ မသိတာကတော့ အဲဒီလို ဘေးအန္တရာယ်ကင်းစွာ၊ ရောဂါဘယကင်းရှင်းစွာ၊ ကျန်းမာစွာ နေထိုင်သွားနိုင်ဖို့အတွက် လုံလောက်တဲ့အသိတွေ မသိကြတာဖြစ်ပါတယ်။ ဒီမသိမှုနှင့်ပတ်သက်ပြီး တော့ ကျွန်တော့်မှာ သက်သေပြစရာ အချက်အလက်၊ အထောက်အထားတွေ အများကြီးရှိပါတယ်။ အဲဒီအထဲက ဥပမာတချို့ကိုပဲ ကျွန်တော်တင်ပြပါမယ်။ ကျွန်တော်တို့မြန်မာလူမျိုးတွေအများစုက မုန့်ဟင်းခါးတို့၊ အသုပ်တို့ကို နှစ်သက်ကြပါတယ်။ မုန့်ဟင်းခါးသွားဝယ်ရင် စျေးထဲမှာ မုန့်ဟင်းခါး သည်က မုန့်ဖတ်တွေရော၊ ဟင်းရည်တွေရောကို ကျွတ်ကျွတ်အိတ်နဲ့ထည့်ပေးလိုက်ပါတယ်။ အဲဒီလိုပဲ အသုပ်သည်ကလည်း အသုပ်နဲ့ဟင်းချိုကို ကျွတ်ကျွတ်အိတ်နဲ့ထည့်ပေးလိုက်ပါတယ်။ ဒီ ကျွတ်ကျွတ်အိတ်ဆိုတာ အားလုံးသိတဲ့အတိုင်းပဲ ပလပ်စတစ်အမှုန်တွေနဲ့လုပ်ထားတဲ့ ပစ္စည်းတွေဖြစ် ပါတယ်။ ဒါကြောင့်မို့လို့ သူဟာ ပြင်းထန်တဲ့အပူနဲ့ ထိတွေ့တဲ့အခါမှာ ဟင်းချိုထဲပျော်ဝင်သွားပါတယ်။ အဲဒီကတစ်ဆင့် ကျွန်တော်တို့ရဲ့ အစာအိမ်ထဲရောက်သွားပါတယ်။ အစာအိမ်က ထုတ်တဲ့အစာချေ

အရည်တွေက အစားအသောက်တွေကိုပဲ ကျေညက်အောင် ချေဖျက်နိုင်ပါတယ်။ ဒီပလပ်စတစ်အမှုန်တွေကိုတော့ မချေဖျက်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ အူနံရံတွေ၊ အစာအိမ်နံရံတွေမှာ ဒါတွေက ကပ်ပြီးတော့ ကျန်ခဲ့ပါတယ်။ နှစ်ပေါင်းများစွာကြာတဲ့အခါ အဲဒါတွေက အစာအိမ်ကို ဒုက္ခပေးပါတယ်။

နောက် ကျွန်တော်တို့အိမ်သူတွေ ဈေးသွားတဲ့အခါ သကြားဝယ်တယ်။ ထန်းလျက်ဝယ်တယ်။ ကွမ်းသီးဝယ်တယ်။ ဖြူးဖွေးနေတဲ့သကြားတွေ၊ ထန်းလျက်တွေ၊ ကွမ်းသီးတွေကို ဒါတွေကို နှစ်သက်ကြတယ်။ ဒါပေမဲ့ အဲဒီဖြူးဖွေနေတာက အင်မတန်ပြင်းထန်တဲ့ ချွတ်ဆေးတွေနဲ့ ချွတ်ထားတာကြောင့်မို့လို့ ဒါတွေက အင်မတန်အန္တရာယ်ကြီးပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ နှစ်နှစ်သက်သက်စားနေကြတဲ့ အကြော်တွေ။ အဲဒီအကြော်တွေကလည်း ထပ်ပြန်တလဲလဲကြော်ထားတဲ့ဆီတွေထဲမှာ ကြော်ထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ခန္ဓာကိုယ်ကျန်းမာရေးကို ရေရှည်မှာ ဒုက္ခလှလှပေးတဲ့အနေအထားရှိပါတယ်။ နောက်တစ်ခါ ကလေးတွေဆိုလို့ရှိရင်လည်း ပါကင်လှလှလေးတွေနဲ့ထုပ်ထားတဲ့ အစားအသောက်တွေ အင်္ဂလိပ်လိုတော့ Junk Foods လို့ခေါ်တဲ့ အမှိုက်စာတွေပါ။ အဲဒါတွေစားတဲ့အခါကျတော့ ကြာတော့ အဝလွန်တဲ့ရောဂါတွေဖြစ်လာပါတယ်။ ဒီလိုဟာတွေကလည်း ကျွန်တော်တို့ရဲ့ ကျန်းမာရေး၊ အသက်ရှည်ရေးကို များစွာအနှောင့်အယှက်ပေးတဲ့အနေအထားတွေ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့မြို့နယ်မှာ ကျွန်တော်နဲ့ ရင်းနှီးတဲ့ကုန်းစိမ်းသည်တွေ ရှိပါတယ်။ သူတို့က ဆေးဆိုးထားတဲ့မျှစ်တွေကို ရောင်းပါတယ်။ ရောင်းတဲ့အခါကျတော့ ကျွန်တော်က ထပ်တလဲလဲ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ သူ့ကို ဆွေးနွေးတဲ့အခါကျတော့ နောက်ပိုင်းမှာ သူသဘောပေါက်လာ ပြီးတော့ ဆေးဆိုးထားတဲ့မျှစ်တွေကိုမရောင်းတော့ဘဲနဲ့ ဆေးမဆိုးတဲ့မျှစ်တွေကို ရောင်းတာတွေ့တော့ ကျွန်တော် တော်တော်ဝမ်းသာသွားပါတယ်။ ကျွန်တော် တော်တော်တော့ ကျန်းမာရေးအတွက် လုပ်ပေးနိုင်ခဲ့ပြီဆိုပြီးတော့။ နောက်တစ်လလောက်နေတော့ သွားကြည့်တဲ့အခါကျတော့ အဲဒီမှာဆေးဆိုးတဲ့မျှစ်တွေကို ပြန်ရောင်းနေပါတယ်။ ဘာဖြစ်လို့ရောင်းတာလဲလို့ မေးကြည့်တဲ့အခါကျတော့ သူ့ဖောက်သည်တွေက ဆေးမဆိုးတဲ့မျှစ်တွေကို ဖြူဖတ်ဖြူရော်တွေဆိုပြီးတော့ မဝယ်တော့ဘူး။ အဲဒီတော့ ဆေးဆိုးတဲ့မျှစ်တွေကိုပဲဝယ်တဲ့အတွက် ကျွန်မတို့ဖောက်သည်တွေ ပျက်တယ်။ ဒါကြောင့်မို့လို့ ဘယ်လိုပဲဖြစ်ဖြစ် နောင်အခါလာ နောင်ခါဈေးပဲ။ ကျွန်မတို့ကတော့ ဒီဆေးဆိုးတဲ့မျှစ်တွေကိုပဲ ရောင်းရမှာပဲဆိုပြီးတော့။

အဲဒီတော့ ကျွန်တော်တို့ရဲ့ပြည်သူတွေရဲ့အသိအနေအထားက အဲဒီလိုဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကိစ္စကို ဘယ်ကနေပြီးတော့ အမြစ်စဖြတ်မလဲဆိုပြီးတော့ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ စာရေးဆရာ ကျွန်တော့်ဆရာသမားတစ်ယောက်ကပြောဖူးပါတယ်။ ကျွန်တော်က လူကြီးတော်တော်များများ စာမဖတ်ဘူးဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြောတဲ့အခါကျတော့ ခင်ဗျား လူကြီးတွေပြောမနေနဲ့တဲ့။ သူတို့က အရိုးရင့်နေပြီတဲ့။ ကလေးတွေကစပြီးတော့ပဲ ပြုစုပျိုးထောင်ပေးပါတဲ့။ အခု ဒီမှာလည်း ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း တင်တဲ့အဆိုကလည်း ကလေးတွေကနေစပြီးတော့ Consumer Education ပညာပေးရေးကို စမယ်ဆိုတဲ့အခါကျတော့ ကျွန်တော် အင်မတန်ဝမ်းသာပါတယ်။ စာဆိုလည်းတစ်ခုရှိပါတယ်။ ဒါဟာ အားလုံးသိကြတဲ့အတိုင်းပါပဲ။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုတဲ့ အခု ကျွန်တော်တို့လည်း အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းကဆိုတဲ့ မူနဲ့ ချပြီးတော့ ဆောင်ရွက်မှုပဲဖြစ်မှာပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ ဦးရန်လင်းရဲ့အဆိုကို ထောက်ခံပါတယ်။ သို့သော် ကျွန်တော် အကြံပြုလိုတာတစ်ချက်ကတော့ အဲဒီအထဲမှာ (၆)တန်း၊ (၇)တန်းက စပြီးတော့ Consumer Education ပညာကို သင်ပေးဖို့သင့်တယ်ဆိုပြီးတော့ အဆိုရှင်က အဆိုပြုထားပါတယ်။ ကျွန်တော်ကတော့ ဖြစ်နိုင်လို့ရှိရင်တော့ မူလတန်းကစပြီးတော့ သူတို့တတ်နိုင်တဲ့ (၁)တန်း၊ (၂)တန်း၊ (၃)တန်း၊ (၄)တန်းကစပြီးတော့ သူတို့သိနိုင်လောက်တဲ့အဆင့် (Level)နဲ့ Consumer Education ပညာပေးမှုတွေ သင်ရိုးထဲမှာထည့်ပြီးတော့ သင်ကြားပေးသွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အနာဂတ်မှာ ကျန်းလည်းကျန်းမာပြီးတော့ အသိပညာလည်းမြင့်မားတဲ့လူငယ်တွေကို ကျွန်တော်တို့ ရရှိမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ ဦးရန်လင်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းရဲ့ စားသုံးသူပညာပေးရေးဘာသာရပ်ကို အခြေခံပညာအလယ်တန်းမှစ၍ သင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုပြီး

ဆက်လက်ဆွေးနွေးခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ စားသုံးသူဟာ ဘုရင်ဖြစ်တယ်။ Consumer is king။ Consumerism ခေါ်တဲ့ စားသုံးသူရေးရာဘာသာရပ်ရဲ့ အဆိုအမိန့် တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ဝမ်းနည်းဖို့ကောင်းတာက လူအားလုံးဟာ စားသုံးသူဖြစ်ကြောင်းမသိတဲ့အပြင် မိမိကိုယ်မိမိစားသုံးသူဟာ ဘုရင်ဖြစ်တယ်ဆိုတာကို စာသုံးသူဟာ အရေးအကြီးဆုံး မှီခိုသူမဟုတ်ဘူး။ ကျွန်တော်တို့ စီးပွားရေးသမားတွေဖြစ်တဲ့ ရောင်းဝယ်သူတွေနဲ့ ကုန်ထုတ်လုပ်သူတွေရဲ့နောက်ကို လိုက်ရမှာမဟုတ်ဘူးဆိုတာကို မသိခြင်းဖြစ်ပါတယ်။ ဒါဟာ ဘာကြောင့်ဖြစ်သလဲဆိုတော့ ကျွန်တော်တို့ ဝေဖန်ကြည့်ရမယ်ဆိုလို့ရှိရင် (၅)တန်း၊ (၆)တန်း၊ (၇)တန်း ဘဝက ကျွန်တော်တို့အားလုံးဟာ စားသုံးသူဘာသာရပ်ကို မသင်ကြားခံရခဲ့လို့ဖြစ်ပါတယ်။ ဒီလို မသင်ကြားခံရခဲ့လို့ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသားတွေဟာ ယနေ့အချိန်မှာဆိုလို့ရှိရင် အနည်းအကျဉ်းသာ ဒီစားသုံးသူဟာ Consumer is king ဆိုတာကို ကျွန်တော်တို့ သိရှိနေကြပါတယ်။ ဒါပေမဲ့ အပြည့်အဝသိခြင်းမဟုတ်ပါဘူး။ တချို့သိပေမဲ့လည်း နားမလည်ပါဘူး။ နားလည်ပင် နားလည်ငြား သော်လည်း အသုံးမချတတ်ပါဘူး။ ဒါကြောင့်မို့လို့ စားသုံးသူဘာသာရပ်ကို သင်ကြားပေးဖို့ကိစ္စဟာ ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ခေတ်မီတိုးတက်ဖွံ့ဖြိုးတဲ့ ဒီမိုကရေစီနိုင်ငံတွေကိုထားအုံး ကျွန်တော်တို့ရဲ့ ညီအစ်ကိုတော်တွေဖြစ်တဲ့ အရှေ့တောင်အာရှနိုင်ငံတွေကို အမီလိုက်နိုင်မယ်။ အမီလိုက်ဖို့ကြိုးစားနေတယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဒီ Consumerism စားသုံးသူရေးရာမှာ နောက်ကျမကျန်ခဲ့အောင် (၅)တန်း၊ ၆)တန်း၊ (၇)တန်းကနေပြီးတော့ သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းသင်ကြားပေးဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဒါမှသာ နောင် ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်ကြာတဲ့အခါမှာ ကျွန်တော်တို့ကလေးတွေဟာ Consumerism စားသုံးသူရေးရာနှင့် ပတ်သက်လို့ ကျွန်တော်တို့မျက်နှာမငယ်ရမှာဖြစ်ပါတယ်။ ဒါကတော့ အမေရိကန်သမ္မတ ဂျွန်အက်ဖ် ကနေဒီ ခုနတုန်းက ဆွေးနွေးသူတစ်ဦးက ဖော်ပြပြီးဖြစ်ပါတယ်။ စားသုံးသူတွေရဲ့အခွင့်အရေး ရှစ်ချက်ဖြစ်ပါတယ်။ ဒီ ရှစ်ချက်ကိုသိထားမှသာလျှင် စားသုံးသူဟာအရေးပါအရာရောက်ဆုံးဆိုတာကို သိမှာဖြစ်ပါတယ်။ ဒီမှာ အရေးကြီးဆုံးသောအခွင့်အရေးက Right to Education စားသုံးသူအခွင့်အရေးနှင့် ကာကွယ်ရေးအတွက် သတင်းအချက်အလက်အသိပညာများမှ သင်ယူရရှိနိုင်ခွင့်ဖြစ်ပါတယ်။ ဒီသင်ယူရရှိနိုင်ခွင့်ကို ပုံစံအမျိုးမျိုးနဲ့ရရှိနိုင်ပေမဲ့ အထိရောက်ဆုံးနိုင်ငံအတွက် အကျိုးအရှိဆုံးလို့ ယူဆရတဲ့ သင်ယူရရှိနိုင်စွမ်းကတော့ (၇)တန်း၊ (၆)တန်း၊ (၅)တန်းကလေးများရဲ့ သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းပညာသင်ပေး ခြင်းသာလျှင် အကောင်းဆုံးဖြစ်မယ်လို့ထင်ပါတယ်။

**မူကြမ်း**

ဒီလိုသင်ကြားပေးမှသာလျှင် ကျွန်တော်တို့ နိုင်ငံတော်အစိုးရက စီမံထားတဲ့ ၂၀၁၄ ခုနှစ်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကစလို့ အဖွဲ့အစည်းတွေ စားသုံးသူရေးရာဦးစီးဌာနအဆုံး အဖွဲ့အစည်းတွေရဲ့ဆောင်ရွက်မှုတွေ စားသုံးသူအခွင့်အရေးကို ကာကွယ်ဖို့၊ စားသုံးသူရဲ့ အနေအထား ကို မြှင့်တင်ပေးဖို့ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေတဲ့ ဥပဒေတွေ၊ နည်းလမ်းတွေ၊ စည်းကမ်းတွေကို ကျွန်တော်တို့ စားသုံးသူတွေဟာ လက်လှမ်းမီမှာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့ လက်လှမ်းလို့ မမီတမီဖြစ်နေတာဖြစ်ပါတယ်။ နောင် ၁၀ နှစ်၊ နောင် ၅ နှစ် အစရှိသဖြင့်မှာ လက်လှမ်း မီသွားမှာဖြစ်ပါတယ်။ ဒီအချိန်ဟာ အသင့်တော်ဆုံးအချိန်ပါပဲ။ ဘာကြောင့်မို့လို့ အသင့်တော်ဆုံး အချိန်လို့ပြောရလဲဆိုရင် ဒီအချိန်ဟာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို စတင်နေတဲ့အချိန် ဖြစ်ပါတယ်။ စတင်ပြီးတော့ ဆောင်ရွက်နေတဲ့အချိန်မှာ နည်းဗျူဟာအားဖြင့် သင်ရိုးညွှန်းတမ်းတွေ အသစ်ဆွဲနေတဲ့အချိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့နောင်တော်တွေ ရှေ့ကဆွေးနွေးသွားသလိုပဲ စားသုံးသူပညာရေးကို ပြည်သူပြည်သားတွေ၊ ကျောင်းသူကျောင်းသားတွေ အားလုံးရရှိခြင်းဖြင့် ပညာရေးရဲ့အဓိပ္ပာယ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သလိုပဲ အချက်အလက်တွေနဲ့ကိုက်ညီစွာ ပိုမိုပြီးတော့ပြည့်စုံလာမှာဖြစ်တဲ့အတွက် ဦးရန်လင်းတင်သွင်း ထားတဲ့ (၅)တန်း၊ (၆)တန်း၊ (၇)တန်း ပညာသင်ရိုးညွှန်းတမ်းမှာ စားသုံးသူပညာရေးကို ထည့်သွင်း ပညာပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ လေးလေး နက်နက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေ ကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သိန္နီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်းတင်သွင်းတဲ့အဆိုဖြစ်တဲ့ စားသုံးသူပညာပေးရေးဘာသာရပ်ကို အခြေခံပညာ အလယ်တန်းသင်ရိုးညွှန်းတမ်းကနေစပြီး ထည့်သွင်းသင်ကြားပေးဖို့ ပြည်ထောင်စုအစိုးရကို တိုက် တွန်းထားတဲ့အပေါ် လျော့ကန်သင့်မြတ်ခြင်းမရှိဘူးဆိုတဲ့အမြင်ကနေ တင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ပကတိအနေအထားဟာ ဆင်းရဲပြီးဖွံ့ဖြိုးမှုနိမ့်ကျနေတဲ့ နိုင်ငံတစ် နိုင်ငံဖြစ်နေပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများရှားပါးပြီး လူတစ်ဦးချင်းဝင်ငွေဟာလည်းပဲ

အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လိုက်ရင် အနိမ့်ဆုံးအနေအထားကို ရောက်ရှိနေပါတယ်။ အောက်ခြေလူတန်းစားများအနေနဲ့ တစ်နေ့လုပ်တစ်နေ့စားကနေပြီး သူတို့ရဲ့ဝင်ငွေဟာ သူတို့အတွက် ရွေးချယ်စရာသိပ်များများစားစားမရှိလှပါဘူး။ သူတို့ရဲ့မိသားစု တစ်နေ့ဝင်ငွေကပဲ သူတို့ရဲ့လိုအပ်ချက်တွေကို ကန့်သတ်ပေးထားပါတယ်။ တကယ်တော့ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်ရဲ့အမျိုးသားလုံခြုံရေးဆိုတဲ့ National Security အပိုင်းကို ထည့်သွင်းစဉ်းစားတဲ့အခါမှာ လူသားလုံခြုံရေး (Human Security)၊ စီးပွားရေးလုံးခြုံရေး (Economic Security)၊ စွမ်းအင်လုံခြုံရေး (Energy Security)၊ သဘာဝပတ်ဝန်းကျင်လုံခြုံရေး(Environment Security)၊ ကျန်းမာရေးလုံးခြုံရေး (Health Security) စတာတွေအပြင် အစားအစာလုံးခြုံရေး (Food Security) ကဏ္ဍဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ယနေ့ကမ္ဘာပေါ်မှာရှိနေတဲ့ နိုင်ငံတိုင်းလိုလိုဟာ အစားအစာလုံးခြုံရေးကဏ္ဍကို အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ စာသုံးသူပညာပေးရေးဟာ ကောင်းမွန်တဲ့လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ဒီဟာကို လူတန်စားတစ်ရပ်လုံးက အလေးထားရင်းနဲ့ လိုက်နာကျင့်သုံးလာစေရေးဟာ အစိုးရပိုင်းကနေပြီး တာဝန်ယူဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကဏ္ဍအလိုက်ဖွဲ့စည်းထားတဲ့ သက်ဆိုင်ရာဝန်ကြီးတွေကပဲ တာဝန်ယူဆောင်ရွက်သင့်ပါတယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ အကူအညီတွေကပဲ ကူညီကျယ်ပြန့်အောင် ဆောင်ရွက်သင့်ပါတယ်။ ကျန်းမာရေးကိုထိခိုက်စေမည့် အရည်အသွေးညံ့ဖျင်းပြီး စံချိန်မမီတဲ့အန္တရာယ်ဖြစ်စေတဲ့အစားအသောက်များ၊ ဆေးဝါးများ၊ အစားအစာများကို တင်းတင်းကြပ်ကြပ် ထိန်းချုပ်ရေးဟာ အစိုးရပိုင်းက ဆောင်ရွက်ရမည့်တာဝန်ဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ဥပဒေများကို လွှတ်တော်ကပြဋ္ဌာန်းပေးပြီး တရားဥပဒေစိုးမိုးတဲ့ လူမှုအဖွဲ့အစည်းကို ထူထောင်ရမှာဖြစ်သလို ဥပဒေကို အတိအကျလိုက်နာပြီး ဥပဒေနဲ့ ထိန်းကျောင်းထားတဲ့ လူ့အဖွဲ့အစည်းကို ပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်ရဲ့တာဝန်ဖြစ်ပါတယ်။ လွှတ်တော်ရဲ့တာဝန်ဖြစ်ပါတယ်။ အစိုးရတွေရဲ့တာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးသောနိုင်ငံအဖြစ်သို့ တည်ထောင်ကြမယ်ဆိုရင် ကွေ့ကြော်နေတဲ့နေရာမှာ နိုင်ငံတကာကို ရင်ဘောင်တန်းလိုက်မီနိုင်ဖို့အတွက် ကျောင်းသူကျောင်းသားတွေရဲ့ ခေတ်မီဘာသာရပ်တွေကိုသာ အလေးပေးသင်ယူရမှာဖြစ်သလို တိုင်းပြည်ခေတ်နောက်ကျ၊ မကျန်ရစ်စေဖို့အတွက် ခေတ်နှင့်လျော်ညီတဲ့ သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်များကို အဓိကဦးစားပေး သင်ယူရမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ လိုအပ်တဲ့ကိစ္စတိုင်း ကျောင်းသင်ခန်းစာထဲမှာလာပြီး ထည့်သွင်းသင်ကြားပေးစေတာဟာ ကျောင်းသူကျောင်းသားတွေရဲ့ မဖြစ်မနေသင်ကြားရမည့်ဘာသာရပ်တွေကို အားနည်းစေမှာဖြစ်ပါ

တယ်။ ဒီလို တာဝန်တွေကို ကျောင်းသူကျောင်းသားတွေအပေါ် ထမ်းရွက်စေခြင်းဟာ မဖြစ်သင့်ပါဘူး။ ယခုလက်ရှိ ပညာရေးစနစ်ကို ကြည့်မယ်ဆိုရင် မူလတန်းပညာရေးအဆင့်မှာတောင် ကလေးတွေဟာ အရွယ်နှင့်မမျှ ကျောင်းသင်ခန်းစာစာအုပ်တွေကို သယ်ဆောင်သွားနေရသလို လေးလံတဲ့ကျောပိုးအိတ်တွေကိုလွယ်ပြီး နေ့စဉ်ကျောင်းတက်နေရတဲ့ဒုက္ခကိုလည်း စာနာငဲ့ညှာဖို့ လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုတစ်ရပ်လုံး အရည်အသွေးပြည့်မီပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာများ၊ ဆေးဝါးများ၊ ကုန်ပစ္စည်းများ၊ လက်လှမ်းမီသုံးစွဲနိုင်ရေးအတွက် လူတိုင်းအလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် ဝင်ငွေတိုးတက်မြင့်မားလာစေရန် အစိုးရက စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်ပေးဖို့ လိုအပ်သလို အိမ်နီးချင်းနိုင်ငံများက ပြည်ပကဝင်ရောက်လာတဲ့ အပေါ်စား စားသောက်ကုန်များလည်း အရည်အသွေးတိကျစွာ စစ်ဆေးကာ ဟန့်တားပေးမည့် လုပ်ငန်းစဉ်များ ထိထိရောက်ရောက်ရှိစေဖို့ ကြပ်မတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒါအပြင် လူထုမီဒီယာများမှတစ်ဆင့် ကျေးလက်တောရွာအရောက် ကျန်းမာရေးအသိပညာပေးခြင်း၊ လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း တင်သွင်းသည့်အဆိုဖြစ်တဲ့ နိုင်ငံသားများအား စားသုံးသူပညာပေးရေး Consumer Education ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာအသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများ ဈေးကွက်တွင်အလိုအလျောက် တဖြည်းဖြည်းပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်းသင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုသည် လျော်ကန်သင့်မြတ်ခြင်းမရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြရင်း မိမိဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က တင်သွင်းတဲ့ စားသုံးသူပညာပေးရေး(Consumer Education) ဘာသာရပ်ကို အခြေခံပညာအလယ်တန်း (၆)တန်း၊ (၇)တန်း၊ (၈)တန်းတွင် သင်ရိုးညွှန်းတမ်းမှစ၍ သင်ကြားရန်ဆိုတဲ့အဆိုကို

အကြံပြုသုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ စားသုံးသူနိုင်ငံသားများအတွက် ရည်ရွယ်ချက်ကောင်းကောင်း၊ စေတနာကောင်းကောင်းနဲ့ တင်သွင်းတယ်ဆိုတာ ကျွန်တော်သဘော ပေါက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးသမိုင်းကြောင်းကို ပြန်ကြည့်ရင် လွတ်လပ်ရေးရပြီးနောက် ယခုအချိန်အထိ ပညာရေးဟာ တည်ငြိမ်မှုမရှိဘဲ စမ်းသပ်ခံပညာရေးပုံစံ ဖြစ်နေတယ်လို့ ကျွန်တော် ဒီလိုပဲ ယူဆမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအဆိုနှင့်ပတ်သက်၍ အချက် ငါးချက်လောက် တင်ပြဆွေးနွေးလိုပါတယ်။ ပထမအချက်အနေနဲ့ တင်ပြလိုတာကတော့ ယခုအချိန် မှာ စားသုံးသူဦးစီးဌာနအနေနဲ့ ပြည်သူတစ်ရပ်လုံးစားသုံးရာမှာ ဘေးကင်းလုံခြုံတဲ့အစားအစာတွေ စားသုံးနိုင်ရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေးဦးစီးဌာန (FDA) ကို ဖွဲ့စည်းပြီး စားသုံးသူကာကွယ်ရေးအသင်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆွေးနွေးရေးလုပ်ငန်းကော်မတီတို့ကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း သိရှိရပါတယ်။ ထို့အပြင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အထိဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ပါ၍ မဆိုင်တဲ့ပညာရေးဌာနက ကျောင်းဆရာဆရာမများနှင့် ကလေးများအပေါ် အလွဲချသလို ဖြစ်နေတယ်လို့ ကျွန်တော်သုံးသပ်မိပါတယ်။

ဒုတိယအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ စားသုံးသူပညာပေးရေး ဘာသာရပ်ထက် အရေးပါတဲ့ မူးယစ်ဆေးဝါး၊ AIDS ရောဂါအကြောင်း၊ HIV ရောဂါအကြောင်းကို သင်ရိုးညွှန်းတမ်း အဆင့်မှာ မရောက်သေးပါဘူး။ ပညာပေးအဆင့်သာရှိတယ်လို့ ဒီလိုပဲ မြင်ပါတယ်။ တတိယအချက် အနေနဲ့ ဆွေးနွေးလိုတာကတော့ ဒီဘာသာရပ်ကို သင်ရိုးအဖြစ်သင်ကြားမယ်ဆိုရင် သင်ကြားနိုင်မည့် လေ့ကျင့်ပြီးသား ဆရာဆရာမတွေကော ရှိပြီးပြီးလား။ ကျွန်တော်တို့ ဒီလိုပဲ မြင်ပါတယ်။ နောက်တစ် ချက်အနေနဲ့ ကျောင်းသင်ဘာသာရပ်ဆိုတာက မူလတန်းမှ အထက်တန်းအထိ အထက်တန်းမှ တက္ကသိုလ်၊ ကောလိပ်အထိ ဆက်စပ်မှုရှိရပါမယ်။ ကလေးများအနေနဲ့ လက်ရှိဘာသာရပ်အပြင် အသစ်ထည့်သွင်းလိုက်တဲ့ ဘာသာရပ်ကို လေ့လာသင်ကြားရန် ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်ပါတယ်လို့ ကျွန်တော် ဒီလိုသုံးသပ်မိပါတယ်။ နောက်တစ်ချက်အနေနဲ့ အကြံပြုလိုချင်တာက ဒီဘာသာရပ်ကို ကျောင်းဖွံ့ဖြိုးရေးအချိန် ပညာပေးဟောပြောခြင်း၊ ဗီဒီယိုပြသခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် များ၌

စားသုံးသူဆောင်းပါးများကို အချင်းချင်းဖတ်ခိုင်းစေခြင်း၊ အချင်းချင်းဆွေးနွေးစေခြင်းများသာ ပြုလုပ်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးအနေနဲ့ တင်ပြလိုတာကတော့ စားသုံးသူပညာပေးရေး (Consumer Education) ကိစ္စရပ်များဟာ ဝန်ကြီးဌာနအနေနဲ့ အစားအသောက်များကို အခြားအဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ကွင်းဆင်းစစ်ဆေးခြင်း၊ သင်တန်းပို့ချခြင်း၊ အခြေခံပညာကျောင်းများတွင် ပညာပေးဟောပြောခြင်းများကို တွင်တွင်ကျယ်ကျယ်၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် စားသုံးသူလူထုအတွင်း အသိပညာဗဟုသုတ မြင့်မားလာပြီး အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများ၊ ညံ့ဖျင်းသောဝန်ဆောင်မှုများဟာ ဈေးကွက်ကို အလိုအလျောက် တဖြည်းဖြည်းပျောက်ကွယ်သွားမယ်လို့ ယူဆပါတယ်။ ဒါကြောင့် စားသုံးသူပညာပေးရေး (Consumer Education)ဘာသာရပ်ကို ကျောင်းသင်ဘာသာရပ်အဖြစ် သင်ယူရန်မလိုအပ်သေးကြောင်း ဤအဆိုကိုမှတ်တမ်းအဖြစ်သာထားသင့်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၁၀)မှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အခန်းပေါင်း ၁၂ ခန်းနဲ့ ပြဋ္ဌာန်းထားပြီးလည်းဖြစ်တယ်။ စားသုံးသူများရဲ့အခွင့်အရေးနဲ့တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များလည်း ပါရှိပါတယ်။ စားသုံးသူကာကွယ်ရေးဦးစီးဌာနတွေ ဒီဌာနတွေကလည်း စာသင်ကျောင်းတွေမှာ၊ ကျေးရွာတွေမှာ၊ ရပ်ကွက်တွေမှာ၊ ဈေးတွေမှာ ပညာပေးလုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ်လုပ်နေကိုင်နေတာတွေရှိပါတယ်။ ဟုတ်ပြီ။ ဒီလို

ဆိုရင် ဒီရှိပြီးသားဥပဒေတွေကို ကျွန်တော်တို့က လေးစားလိုက်နာပြီးတော့ အဆိုရှင်ရဲ့အဆိုက လိုအပ်ပါသေးသလား။ မေးခွန်းထုတ်ရပါတော့မယ်။ ဒီလိုအပ်ကြောင်းကို ကျွန်တော်က ထောက်ခံဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ တိုးတက်ချင်တယ်။ ကြီးပွားချင်တယ်။ လျှပ်စစ်တွေ၊ စွမ်းအင်တွေ၊ လမ်းတွေ၊ တံတားတွေ ဒီရုပ်ဝတ္ထုတွေတိုးတက်ချင်တယ်။ ဒီလိုတိုးတက်ချင်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှု ဒီလိုကိစ္စတွေကို စည်းကမ်းတကျဖြစ်ဖို့၊ နည်းလမ်းတကျဖြစ်ဖို့ စားသုံးသူအခွင့်အရေးနဲ့ စားသုံးသူပညာရေးတွေကို နားလည်သိရှိရမှာဖြစ်ကိုဖြစ်ရမှာပါ။ ဒီလိုမှ ဒီလိုလုပ်ကိုင်နိုင်မှ၊ ဒီလိုလိုက်နိုင်မှ ဦးရန်လင်းတင်သွင်းထားတဲ့ သန်မာထွားကျိုင်းကျန်းမာတဲ့မျိုးဆက်တွေ ကျွန်တော်တို့ လိုအပ်လာမှာပါ။ စားသုံးသူပညာရေးကို နားလည်တဲ့မိဘတွေနဲ့နေရတဲ့ကလေးတွေကတော့ အင်မတန်မှကံကောင်းပါတယ်။ စောစောက ဆရာတွေရှင်းပြသလိုပဲ။ စားသုံးဆီကို တစ်ခါမက၊ နှစ်ခါမက ကျော်လွန်မယ်ဆိုလို့ရှိရင် ဒီစားသုံးဆီတွေကနေပြီးတော့ ကင်ဆာရောဂါဖြစ် စေတဲ့ဓာတ်တွေထွက်လာမယ်။ ပလပ်စတစ်တွေကို အပူပြင်းပြင်းနဲ့တွေ့ထိလို့ရှိရင် ကင်ဆာရောဂါ တွေဖြစ်လာမယ်။ ပန်းသီး၊ သစ်သီးတွေကို ဖယောင်းရည်တွေနဲ့အုပ်ထားမယ်။ ဒါတွေကို စင်ကြယ် အောင် သေချာအခွံနွှာမစားဘူးဆိုရင် ပြဿနာဖြစ်မယ်။ ဘယ်တုန်းကထုတ်တာလဲ။ ဘယ်တော့ နောက်ဆုံးစားရမှာလဲ။ ပါဝင်တဲ့ပစ္စည်းတွေက ဘာတွေလဲ။ ဒါတွေကို နားလည်တဲ့မိဘတွေက သားသမီးတွေကို အမြဲတမ်းရှင်းပြတယ်။ ပြောပြတယ်။ ဒီတော့ ခုနကလိုနားလည်တဲ့မိဘတွေနဲ့နေရတဲ့ ကလေးတွေကတော့ အဆင်ပြေပေမဲ့လို့ နားမလည်တဲ့၊ သိပ်ပြီးလည်းအချိန်လည်း မပေးနိုင်တဲ့မိဘ တွေနဲ့နေရတဲ့ကလေးတွေကတော့ အင်မတန်မှပဲ ဒီပညာအပေါ်မှာ ချို့ယွင်းချက်၊ နားလည်မှုလိုအပ်နေ ပါတယ်။ ဒါကြောင့် ဒီကလေးတွေရဲ့ပတ်ဝန်းကျင်ကို စားသုံးသူပညာရေးပေးဘာသာရပ်ကို အလယ်တန်းသင်ရိုးညွှန်းတမ်းမှစပြီး ထည့်သွင်းသင်ကြားပေးစေမယ့်အဆိုကို ကျွန်တော်ထောက်ခံပါတယ်။ ဥပမာ-နိုင်ငံခြားတိုင်းပြည်တွေမှာ အင်္ဂလန်၊ အမေရိကန်၊ နယူးဇီလန်၊ နော်ဝေး၊ ဒိန်းမတ်၊ ဆွီဒင် အစရှိ တဲ့နိုင်ငံတွေမှာ အထက်တန်းကျောင်းတွေအထိကိုပဲ စားသုံးသူပညာပေးရေးကို သင်ကြားနေတာတွေ တွေ့ရှိရပါတယ်။ အစားအသောက်၊ ဆေးဝါးတွေရဲ့ဘေးအန္တရာယ်တွေ၊ ဈေးကွက်စီးပွားရေးရဲ့အကျိုး အပြစ်တွေ၊ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုအတွက်ပါ ရည်ရွယ်သင်ကြားပေးနေတာတွေကို ကျွန်တော်တို့ တွေ့ရပါတယ်။ ထုတ်လုပ်သူပဲဖြစ်ဖြစ်၊ စားသုံးသူပဲဖြစ်ဖြစ်၊ ဖြန့်ချိသူပဲဖြစ်ဖြစ် အားလုံးဟာ စားသုံးသူပါပဲ။ ပါးစပ်ထဲကိုထည့်မှ စားသုံးသူလို့ခေါ်တာမဟုတ်ပါဘူး။ ဝန်ဆောင်မှုတစ်ခုခုကို အခကြေးငွေယူပြီး သုံးစွဲသူမှန်သမျှ၊ ပတ်သက်သူမှန်သမျှ စားသုံးသူပဲဖြစ်ပါတယ်။ ကုန်ပစ္စည်းအတုတွေ၊ ဓာတ်မြေသြဇာ

အတုတွေ၊ မြွေဆိပ်ဖြေဆေးလိုပစ္စည်းမျိုးတောင်အတုတွေ ဒီအတုတွေဘေးကရှောင်တတ်အောင်၊ နားလည်အောင်၊ လူကိုလူချင်းလှည့်ပတ်ခြင်းကင်းရအောင် ဒီအလယ်တန်းကျောင်းသားတွေဟာ တစ်နေ့လူ့လောကထဲရင်ဆိုင်ရမယ့်စိန်ခေါ်မှုတွေ ဒါတွေကို ဆောင်ရန်၊ ရှောင်ရန် အတိုင်းအတာတစ်ခုထိ ပညာတွေရသွားနိုင်တဲ့အတွက် ရေရာတဲ့အကြံအစည်တွေကို သူ့ပတ်ဝန်းကျင်မှာ ဖြန့်ဝေနိုင်မယ်လို့ယုံကြည်တဲ့အတွက် ကျိုက်လတ်မဲဆန္ဒနယ်က ဆရာဦးရန်လင်းရဲ့အဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ) ဦးရွှေလှဝင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ)ဦးရွှေလှဝင်း(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်က ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းရဲ့ Consumer Education စားသုံးသူပညာပေးရေးကိစ္စကို ကျွန်တော်အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကင်ဆာရောဂါအဖြစ်အများဆုံး ဒုတိယနိုင်ငံဖြစ်တယ်ဆိုတာလည်း အားလုံးသိထားကြပါတယ်။ ဒီရောဂါကလည်းပဲ အဓိကအစားအသောက်ကြောင့် အများဆုံးဖြစ်တယ်ဆိုတာလည်း အားလုံးနားလည်သဘောပေါက်ကြပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့၊ ဒီမှာထောက်ခံဆွေးနွေးမှာကတော့ အစားအသောက်ကိစ္စတွေကို အဓိကမပြောဘဲနဲ့ ပြည်သူတွေအများ တချို့မသိကြသေးတဲ့ ဒီ Consumer Education ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမှာ ထုတ်ပြန်ထားတဲ့ ဥပဒေနှစ်ခုရှိတယ်ဆိုတာ ကျွန်တော်ဥပဒေရှုထောင့်ကနေပြီးတော့ ဒီ Consumer Education ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ စားသုံးသူဆိုတာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ စားသုံးသူဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရယူသုံးစွဲသူလို့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေမှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ စားသုံးသူလို့ပြောလိုက်ရင် ကျွန်တော်တို့က အစားအသောက်ကိုပဲ အဓိကပြေးပြီးတော့ မြင်ကြပါတယ်။ အမှန်က ကျွန်တော်တို့က အစားအသောက်၊ ဆေးဝါး စားသောက်ခြင်းတစ်ခုတည်းမဟုတ်ပါဘူး။ အလှအပပစ္စည်းများဆိုင်ရာဝယ်ယူသုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ခရီးသွားလုပ်ငန်းများ စတဲ့ဝန်ဆောင်မှုလုပ်ငန်းကလည်းပဲ ဒီစားသုံးသူထဲမှာ ပါပါတယ်။ လူတိုင်းလူတိုင်းဟာ နေ့စဉ်ကုန်စည် နှင့် ဝန်ဆောင်မှုကို စားသုံးနေကြတဲ့အတွက် လူတိုင်းလူတိုင်းဟာ စားသုံးသူဖြစ်ပါတယ်။

Consumer Education စားသုံးသူပညာရေးမှာ အဓိက နှစ်ခုရှိပါတယ်။ Food Safety အစားအစာဘေးကင်းရေးနဲ့ Consumer Protection ဆိုပြီးတော့ စားသုံးသူအကာအကွယ်ပေးရေး ဆိုတဲ့ အဓိကအချက် နှစ်ချက်ပါဝင်ပါတယ်။ ဒီအဓိကအချက်နှစ်ချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် တို့နိုင်ငံမှာလည်းပဲ ဥပဒေနှစ်ခု ထုတ်ပြန်ထားပါတယ်။ Food Safety အစားအစာဘေးကင်းရေးနှင့် ပတ်သက်ပြီးတော့ အမျိုးသားအစားအသောက်ဥပဒေကို ၁၉၉၇ ခုနှစ်က ပြဋ္ဌာန်းခဲ့ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရပါတယ်။ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းတဲ့အစားအသောက် များ စားသုံးသူကိုရည်ရွယ်ပါတယ်။ စားသောက်ကုန်ရဲ့အရည်အသွေး၊ ဈေးနှုန်းနဲ့ပတ်သက်တဲ့ အခွင့်အရေး ဆုံးရှုံးမှုကို ဒီဥပဒေက ကာကွယ်ပေးပါတယ်။ စားသောက်ကုန်ကြောင့် ကျန်းမာရေးထိခိုက်နစ်နာမှု အတွက် လျော်ကြေးရရှိလာရန် ဒီဥပဒေက ဆောင်ရွက်ပေးပါတယ်။ Consumer Protection စားသုံးသူအကာအကွယ်ပေးရေးနဲ့ပတ်သက်ပြီးတော့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကောင် အထည်ဖော်ဆောင်ရွက်ရပါတယ်။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုသုံးစွဲရာမှာ လိမ်လည် လှည့်ဖျားမှုမခံရစေရန် စားသုံးသူကို အကာအကွယ်ပေးရန် ရည်ရွယ်ပြီးတော့ ဒီဥပဒေကို ပြဋ္ဌာန်း ထားပါတယ်။ စားသုံးသူအခွင့်အရေးချိုးဖောက် ခြင်းမခံရအောင် ကာကွယ်ပေးပါတယ်။ တကယ်လို့ ချိုးဖောက်ခြင်းခံရလျှင်လည်းပဲ လျော်ကြေး၊ ရပိုင်ခွင့် ကျွန်တော်တို့ တောင်းဆိုနိုင်ပါတယ်။ ဒီလို ဥပဒေမျိုးကို ပြဋ္ဌာန်းပြီးသားရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ စားသုံးသူရဲ့အခြေခံ အခွင့်အရေး တစ်ချက်ဖြစ်ပါတယ်။ ဒါကို ကျွန်တာ်တို့စောစောက ပြည်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်တော်ကြီးနဲ့ ဒလမဲဆန္ဒနယ် ကိုယ်စားလှယ်တော်ကြီးကနေပြီးတော့၊ မြန်မာလိုပြန်ပြီးတော့ ကျွန်တော်တို့ အတိုချုပ် ရော၊ အကျယ်ရော ရှင်းပြထားပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာပါတဲ့ စားသုံးသူပညာရေးကို (၆)တန်း၊ (၇)တန်း၊ (၈)တန်းမှာ ဘာသာရပ်အဖြစ် ပြဋ္ဌာန်းဖို့ဆိုတဲ့ကိစ္စကိုတော့ အနည်းငယ်ဆွေးနွေးလိုပါတယ်။ တကယ်လို့ ဒီ (၆)တန်း၊ (၇)တန်း၊ (၈)တန်းမှာ သူ့ကိုဘာသာရပ်တစ်ခု ပြဋ္ဌာန်းခဲ့မယ်ဆိုလို့ရှိရင် ရှိပြီးသား ဘာသာရပ် အဖြစ် နောက်ထပ်ဘာသာရပ်အသစ်တစ်ခုတိုးလာသောကြောင့် ကျောင်းသားလူငယ်များ အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သွားနိုင်ပါတယ်။ ဒီဘာသာရပ်ကိုသင်ကြားမယ့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ဆရာ ဆရာမများလည်း လိုအပ်လာပါလိမ့်မယ်။ ဘာသာရပ်တစ်ခုဖြစ်လာပြီဆိုရင် သူ့ကို အကဲဖြတ်ဖို့

အတွက် စာမေးပွဲများစစ်ဆေးရန်လည်း လိုအပ်ပါတယ်။ အကြောင်းအရာများပြားတဲ့ အတွက် ဘာသာရပ်တစ်ခုအဖြစ် ဖွဲ့စည်းဖို့အတွက် ကျွန်တော်တို့ သိပ်ပြီးတော့ အဆင်မပြေလှပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်တာကတော့ ဘာသာရပ်အသစ်တစ်ခုအဖြစ် ပြဋ္ဌာန်းမယ့်အစား ရှိပြီးသားဘာသာရပ်တစ်ခုခုမှာ ခေါင်းစဉ်အဖြစ်သာ ထည့်သွင်းသင့်ပါတယ်။ အသင့်တော်ဆုံးကတော့ ဖွံ့ဖြိုးရေးဘာသာရပ်မှာ ဒီ Consumer Education ကို ခေါင်းစဉ်တစ်ခုအဖြစ် ထည့်သွင်းသင့်ပါကြောင်း ကျွန်တော်အကြံပြုရင်းနဲ့ ကျိုက်လတ်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီမှာ အစည်းအဝေးပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

အစည်းအဝေးကို ၁ နာရီ ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းရဲ့အဆိုကို အပိုင်းသုံးပိုင်းခွဲ၍ အကြံပြုဆွေးနွေးသွားမည့်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းအနေနဲ့ အဆိုရှင်တင်ပြ ထားတဲ့ နိုင်ငံသားများကို စားသုံးသူပညာပေးရေးဘာသာရပ်ကို သင်ကြားရမယ်ဆိုတဲ့အယူအဆနဲ့ နိုင်ငံသားများကို ယုံကြည်စိတ်ချစွာ စားသုံးနိုင်မည့်အစားအစာများကို ဖန်တီးပေးမယ်ဆိုတဲ့အယူအဆ နှစ်ရပ်ကို နှိုင်းယှဉ်စဉ်းစားကြည့်ဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ Consumer Education လုပ်ငန်းကို သာ ဦးစားပေးဆောင်ရွက်နေမည်ဆိုပါက ထုတ်လုပ်တဲ့အပိုင်းရဲ့ အရည်အသွေးမမီတဲ့စားသောက် ကုန်ပစ္စည်းတွေဟာ ဈေးကွက်ထဲမှာ အဆက်မပြတ်ရောက်ရှိနေဦးမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဈေးကွက်ထဲမှာ၊ စားသောက်ဆိုင်မှာ၊ စားသုံးသူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်မည့် အစားအစာ၊ ဆေးဝါးနှင့်ကုန်ပစ္စည်းတွေကိုသာ ရောက်ရှိနေစေဖို့ နိုင်ငံတော်အနေနဲ့ အရင်ဦးစွာ ကြိုးစားဆောင် ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံပါတယ်။ အနောက်နိုင်ငံတွေမှာ From Firm To Table ဆိုတဲ့ အယူအဆနဲ့ Producer Education ကို ဖောင်းပေးလုပ်ဆောင်နေတယ်လို့ သိရှိရပါတယ်။ Power Point မှာ အဆင့်(၁)ကနေ (၇)အထိ ပြသထားပါတယ်။ အဆင့်(၁)ကတော့ Firm တွေမှာ ဟင်းသီးဟင်းရွက်တွေ၊ တိရစ္ဆာန်တွေ၊ စိုက်ပျိုးမွေးမြူတဲ့အပိုင်း ဖြစ်ပါတယ်။ အဲဒီနေရာမှာကတည်းက ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးပစ္စည်းများရဲ့အန္တရာယ်ကို ကင်းရှင်းအောင် ကြပ်မတ်စီရင်သွားဖို့ လိုပါတယ်။ ဒါ့အပြင် ပညာပေးရေးလုပ်ငန်းကိုလည်း တစ်ပါတည်း ဆောင်ရွက်သွားရပါတယ်။

အဆင့်(၂)မှာတော့ ထုတ်လုပ်တဲ့အပိုင်းဖြစ်ပြီး ကုန်ကြမ်းကနေ ကုန်ချောအဖြစ် ထုတ်လုပ်တာ တွေရှိသလို ကုန်ကြမ်းအနေနဲ့လည်း ထုပ်ပိုးတာမျိုးတွေလည်း ရှိပါတယ်။ အဲဒီအပိုင်းမှာလည်း အန္တရာယ်ကင်းရှင်းတဲ့အစားအသောက်၊ ကုန်ပစ္စည်းတွေဖြစ်လာစေဖို့နဲ့ အတုထုတ်လုပ်တာမျိုးတွေ မရှိစေဖို့ စိစစ်ကြပ်မတ်သွားဖို့လိုသလို ပညာပေးအရေးယူဆောင်ရွက်တာမျိုးကိုလည်း အထူးဂရု စိုက်ဆောင်ရွက်သွားရပါမယ်။ အဆင့် (၃)ကနေ အဆင့်(၅)ထိကတော့ သန့်ရှင်းတဲ့အစားအစာအဖြစ် နဲ့ ကုန်ပစ္စည်းတွေ မပုပ်မသိုးဖြစ်ရလေအောင် ကာကွယ်တဲ့သိုလှောင်တာမျိုး၊ သယ်ယူပို့ဆောင်တာမျိုး ဖြစ်အောင် စနစ်တကျဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဆင့်(၆)မှာတော့ မိသားစုမီးဖိုချောင်၊ စားသောက်ဆိုင်၊ စားဖိုမှူးကနေတစ်ဆင့် ယုံကြည်စိတ်ချစွာစားသုံးနိုင်တဲ့ အစားအစာဖြစ်လာအောင်

ကြပ်မတ်ပညာပေး ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ကျွန်တော်တို့ရဲ့ ထမင်းစားပွဲပေါ်မှာ၊ ကျောင်းသား တွေရဲ့ကျောင်းဈေးတန်းမှာ၊ စားသောက်ဆိုင်ကြီးတွေရဲ့ စားပွဲတွေပေါ်မှာ၊ ပြည်သူလူထုယုံကြည် စိတ်ချစွာ စားသုံးနိုင်မည့်အစားအစာများအဖြစ် ရောက်ရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ဒုတိယပိုင်းဖြစ်တဲ့ စားသုံးသူအသိပညာမြင့်မားရေးဆိုတာ အစဉ်တစိုက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါတယ်။ ပထမ ပိုင်းမှာတင်ပြထားသလို Food Safety ဖြစ်လာပြီဆိုလျှင် လွယ်ကူနားလည်နိုင်မည့် အသိပညာပေးမှု မျိုးနဲ့ စားသုံးသူတိုင်းသိရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နေ့စဉ်ထုတ်လွှင့်ပြသနေတဲ့ TV Channel တွေပေါ်မှာ လူမှုကွန်ယက်တွေပေါ်မှာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေပေါ်မှာ Don’t နဲ့ Do ခွဲခြားသိရှိအောင် အသိပညာပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တပြိုင်နက်တည်းပဲ စားသုံးသူများကို စားသုံးရန်မသင့်တဲ့ အစားအသောက်ကုန်ပစ္စည်းများကို စစ်ဆေးဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ဖို့ ကလည်း အမြဲမပြတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နောက်ဆုံးပိုင်းဖြစ်တဲ့ Consumer Education ကို အခြေခံပညာအလယ်တန်းအဆင့်ရဲ့ သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းရေးဆိုတဲ့အချက်ကို မူအားဖြင့် လက်ခံပါတယ်။ သို့ပါသော်လည်း ဘူးလေးရာဖရုံဆင့်ဆိုတာမျိုး ဖြစ်သွားမှာကို စိုးရိမ်ရပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ သူငယ်တန်းအရွယ်ကလေးငယ်တွေကို ပစ်မှတ်ထားပြီး ဆွဲဆောင်မှုကောင်းကောင်း၊ ထုပ်ပိုးမှု လှလှရှိ တဲ့ အရည်အသွေးမပြည့်မီတဲ့ အစားအသောက်တွေကို အလယ်တန်းအရွယ်အရောက်မှ အသိပညာ ပေးတာထက် သူငယ်တန်းအရွယ်ကတည်းက အသိပညာပေး ဆောင်ရွက်တာမျိုး ပြုလုပ်စေချင်ပါ တယ်။

ဒုတိယအချက်အနေနဲ့ကတော့ အလယ်တန်းပညာရေးထဲမှာ Consumer Education ကို သီးခြားပို့ချခြင်းအားဖြင့် ကျောင်းသားတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်သွားမှာကိုလည်း စိုးရိမ်ရပါ တယ်။ ဒီနေရာမှာ Consumer Education ကို ဘာသာရပ်တစ်ခုအနေနဲ့ မပို့ချသင့်ဘဲ အသိပညာ ပေးတဲ့သဘောမျိုးနဲ့ သွန်သင်ဆုံးမခြင်းအားဖြင့် သင်ရိုးညွှန်းတမ်းကြောင့် ငွေကုန်လူပန်းအဖြစ်မျိုး ကင်းရှင်းသွားစေမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ဒီမိုကရေစီကနုနု၊ မုန်တိုင်းက ထန်ထန်၊ လုပ်ဆောင်ရမည့်စီမံချက်တွေက ခပ်များများဖြစ်နေရင် မဖြစ်မနေဆောင်ရွက်ရမယ့် အဓိကကျတဲ့လုပ်ငန်းမျိုးကိုသာ ဦးစားပေးဆောင်ရွက်ရမည့် အချိန်ကာလဖြစ်ပါသောကြောင့် အရင်း အမြစ်အပိုင်းကျတဲ့ ထုတ်လုပ်မှုအပိုင်းကို Producer Education ပညာပေးလုပ်ငန်းတွေ အခြေခိုင်

**မူကြမ်း**

အောင်ဆောင်ရွက်ပြီးစီးမှသာ Consumer Education တွေကို စီမံချက်ချဆောင်ရွက်သင့်ပါကြောင်း ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းရဲ့အဆိုကို အကြံပြုဆွေးနွေး အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်က ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် သံတောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းရဲ့အဆိုဖြစ်တဲ့ နိုင်ငံသားများအား စားသုံးသူပညာပေးရေးဘာသာရပ်ကို အခြေခံပညာအလယ်တန်းဖြစ်တဲ့ (၆)တန်း၊ (၇)တန်း၊ (၈)တန်းမှစ၍ သင်ရိုးညွှန်းတမ်းရေးသွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ၎င်းဘာသာရပ်ကို သင်ကြားပေးခြင်းအားဖြင့် စားသုံးသူရေးရာ၌ အသိပညာတိုးပွားမြင့်မားလာမှာဖြစ်ကြောင်း အန္တရာယ်ရှိတဲ့အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသော အစားအစာများ ဝန်ဆောင်မှုများ ဈေးကွက်အတွင်းမှာ တဖြည်းဖြည်းပျောက်ကွယ်သွားနိုင်ကြောင်းဆိုတဲ့အဆိုကိုဖော်ပြထားတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအတွင်း ပြည်သူလူထုစားသုံးလျက်ရှိသောအစားအသောက်များ ဘေးဥပဒ်ကင်းရှင်းရေးသည် အမျိုးသားကျန်းမာရေးအတွက် အစိုးရ၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပါတယ်။ စားသုံးသူရပိုင်ခွင့်သည် နိုင်ငံသားရပိုင်ခွင့်ထဲတွင် တည်ရှိသော ရပိုင်ခွင့်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားကျန်းမာရေးအတွက် အစားအသောက်လုံခြုံစိတ်ချရမှု ပြည်သူတွေရဲ့ရပိုင်ခွင့် စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေး စားသုံးသူပညာပေးရေးစသည့်ဘာသာရပ်များကို သက်ဆိုင်ရာမှ အလယ်တန်းအဆင့် အတန်းလိုက် သင်ရိုးညွှန်းတမ်းရေးဆွဲသင်ကြားခြင်းအားဖြင့် နိုင်ငံတော်ရဲ့ကျန်းမာရေးနှင့်ဆိုင်သော စားသောက်ကုန်ကဏ္ဍမှာ များစွာအကျိုးဖြစ်ထွန်းလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းဘာသာရပ်ကို သင်ကြားခြင်းအားဖြင့် ၎င်းဘာသာရပ်နှင့်ဆိုင်တဲ့ အသိပညာများကြွယ်ဝလာပြီးတော့ ဘေးဥပဒ်အန္တရာယ်ဖြစ်စေသော အစားအသောက်ဆေးဝါး များကို

ခွဲခြားသိရှိမှာဖြစ်တယ်။ ၎င်းအစားအသောက်ဆေးဝါးတို့ဟာ မည်မျှအန္တရာယ်ကြီးမားကြောင်း၊ အကျိုးအပြစ်မည်မျှရှိကြောင်း ၎င်းနှင့် မိမိတို့ရဲ့ပြည်သူများအတွက် မည်မျှအကျိုးစီးပွားကို ထိခိုက်နစ်နာစေကြောင်း၊ အသက်အန္တရာယ်ကို ထိခိုက်စေကြောင်း စသည်တို့ကို မိမိတို့နဲ့ သက်ဆိုင်တဲ့ မိမိတို့ရဲ့မိသားစု၊ မိမိတို့ရဲ့ပတ်ဝန်းကျင်ကို ပြန်လည်အသိပေးပြောဆိုဆွေးနွေးခြင်းဖြင့် အန္တရာယ်ဆိုးများကို ထိရောက်စွာကာကွယ်နိုင်မှာဖြစ်ပါတယ်။ ထို့ထက်မက ဘေးဥပဒ်အန္တရာယ်ဖြစ်စေသော စားသောက်ကုန်ဆေးဝါးများ၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချဖြန့်ဖြူး ဝန်ဆောင်မှုလုပ်ဆောင်သူများအား ချမှတ်ပေးတဲ့ပြစ်ဒဏ်၊ ဥပဒေများကို သင်ကြားရသောကြောင့် ၎င်းပြစ်ဒဏ်များ မည်မျှကြီးလေးကြောင်းကို သိရှိနားလည်ကာ မိမိတို့နှင့်ပတ်သက်တဲ့သူများကို ပြန်လည်ဖောက်သည်ချပေးနိုင်ခြင်းဖြင့် လျင်မြန်သောအရှိန်အဟုန်ဖြင့် ဤပညာပေးလုပ်ငန်းဟာ အောင်မြင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစားအသောက်ဆေးဝါးနှင့်ပတ်သက်ပြီးတော့ ၁၉၇၂ ခုနှစ်၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာ စားသောက်ကုန်ကွပ်ကဲရေးစနစ်ချမှတ်ခဲ့ပါတယ်။ ထိုနည်းအတူ ၁၉၉၇ ခုနှစ်မှာ အမျိုးသားအစားအသောက်ဥပဒေကို သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ အမျိုးသားအစားအသောက်ကို ပြင်ဆင်တဲ့ဥပဒေကို ရေးဆွဲခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေများလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးဟာ အထူးလိုအပ်နေကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇွန်လ ၅ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်မှာ ပဲပြားနှင့် မုန့်ဖတ်များတွင် ဖော်မလင်များပြန်လည်အသုံးပြုနေကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ ငါးပိ ၁၂ မျိုးမှာ ၁၁ မျိုးမှာ ဆိုးဆေးများဖြင့်ဆိုးထားကြောင်းကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် စားသောက်ကုန်ဆေးဝါးဘေးဥပဒ်အန္တရာယ်မှကင်းရှင်းနိုင်ရန်အတွက် အများပြည်သူအသိပညာဗဟုသုတရှိဖို့ရန် အထူးပဲလိုအပ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အားဖြင့် နိုင်ငံသားများအား စားသုံးသူပညာပေးရေးဘာသာရပ်ကို မဖြစ်မနေ အလယ်တန်းအဆင့်မှာ သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်းရေးဆွဲသင်ကြားပို့ချခြင်းအားဖြင့် အနာဂတ်ပြည်သူရဲ့ကျန်းမာရေး အသိပညာဗဟုသုတ ပိုပြီးတော့ပွားများလာမှာဖြစ်တယ်။ ဒါကြောင့် ကျိုက်လတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးရန်လင်းရဲ့ အဆိုကို ဥက္ကဋ္ဌမှတစ်ဆင့် ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစောကျော်ဝင်းမောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီနေ့ အဆိုရှင်အနေနဲ့ ဆရာဦးရန်လင်းရဲ့အဆိုကို ကျွန်တော်က အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြမှုကို အပိုင်းနှစ်ပိုင်းနှင့်တွေ့ရပါတယ်။ ပထမပိုင်းအနေနဲ့ စားသုံးသူတွေ အသိပညာမြင့်မားလာမယ်ဆိုရင် အန္တရာယ်ရှိတဲ့ပစ္စည်းတွေ ဈေးကွက်အတွင်းမှ အလိုအလျောက်ပျောက်ကွယ်သွားမယ်လို့ ဆိုထားပါတယ်။ Knowledge ဆိုတဲ့အသိနဲ့ Apply ဆိုတဲ့ လက်တွေ့လုပ်ဆောင်မှု ပူးတွဲလိုက်မယ်ဆိုလို့ရှိရင်တော့ တကယ့်အကျိုးကိုရရှိစေပါတယ်။ ဒါပေမဲ့ အသိရှိပေမဲ့ လက်တွေ့လုပ်ဆောင်မှုမရှိရင် အကျိုးကိုထင်သလောက်မရပါဘူး။ ဥပမာ- အချိုမှုန့်တို့၊ စားအုန်းဆီတို့ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ဈေးကွက်ထဲမှာ ရှိနေပါတယ်။ ဝယ်ယူစားသုံးသူဟာ ဒါတွေဟာ ကျွန်တော်တို့ရဲ့ကျန်းမာရေးကို ထိခိုက်တယ်ဆိုတာသိပေမဲ့ ကျွန်တော်တို့ရဲ့လက်တွေ့ Apply လုပ်တဲ့ဆီမှာ ဝယ်ယူစားသုံးနေကြတဲ့ အတွက်ကြောင့် ပြည်သူအများစုဟာ နေ့စဉ်ဝင်ငွေနိမ့်ကျတာလည်း တစ်ပိုင်းရှိပေမဲ့ ကျွန်တော်တို့ဟာ အသိပညာပေးတိုင်းလည်း အကျိုးမျှော်လင့်သလောက်မဖြစ်လာဘူးဆိုတာ တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့လက်အောက်မှာ အစားအစာနှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(FDA)ဆိုတာရှိပါတယ်။ အဲဒီ ဦးစီးဌာနရဲ့ တာဝန်တွေအရတော့ ဈေးကွက်အတွင်း မှာဝင်ရောက်စစ်ဆေးတာ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနဲ့နည်းဥပဒေတွေပြဋ္ဌာန်းပေးဖို့ တင်ပြတာ၊ ရပ်ရွာလူထုကိုပညာပေးတာ၊ လူထုလူတန်းစားအဖွဲ့အစည်းများနဲ့ပူးပေါင်းဆောင်ရွက်တာ တွေ၊ အမြဲမပြတ်လေ့လာကြီးကြပ်တာတွေ၊ နိုင်ငံတကာအသိအမှတ်ပြုဓာတ်ခွဲခန်းများ၊ ရွေ့လျားဓာတ်ခွဲ ခန်းများ တိုးချဲ့ဆောင်ရွက်တာတွေ၊ ဝန်ထမ်းတိုးချဲ့တာတွေ လက်ရှိလုပ်နေတဲ့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အရှိန်အဟုန်မြှင့်တင်ပြီး ဒီဦးစီးဌာနကို ထပ်မံဆောင်ရွက်မယ်ဆိုလို့ရှိရင် ဈေးကွက်ထဲကအစားအသောက်တွေဟာ မှန်မှန်ကန်ကန် တဖြည်းဖြည်းဖြစ်လာကြမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ နောက်အဆိုရှင်တင်ပြမှုရဲ့ အပိုင်း(၂)ကို ဆွေးနွေးချင်ပါတယ်။ အခြေခံပညာ အလယ်တန်းသင်ရိုးညွှန်းတမ်းမှာ စားသုံးသူပညာပေးရေးဘာသာရပ်ကို ထည့်သွင်းသင်ကြားသင့် တယ်လို့ ဆိုထားပါတယ်။ သင်ရိုးညွှန်းတမ်းရေးဆွဲမယ်ဆိုရင် လွယ်ရာကခက်ရာကိုရေးဆွဲရသလို သိရာကနေမသိရာကို ရေးဆွဲရပါတယ်။ အသက်အရွယ်၊ အတန်း အနေအထားပေါ်မူတည်ပြီး ကလေးရဲ့လက်ခံနိုင်စွမ်းကို စဉ်းစားပြီးတော့ ခရုပတ်သဏ္ဌာန်ရေးဆွဲရပါတယ်။ အတန်းတစ်တန်းရဲ့

သင်ရိုးမှာရှိတဲ့ ဘာသာရပ်တစ်ခုချင်းစီရဲ့သင်ခန်းစာတွေဟာ အချင်းချင်းဆက်စပ်နေရသလို အတန်းတစ်တန်းမှာရှိတဲ့ ဘာသာရပ်တွေဟာလည်း တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိရပါတယ်။ ဒ့ါအပြင် အတန်းတစ်တန်းနှင့်တစ်တန်း သင်ရိုးတွေဟာလည်း ဆက်စပ်မှုရှိနေဖို့လိုပါတယ်။ သင်ရိုးကြောင့် ကလေးတွေဟာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသင့်ပါဘူး။ သင်ရိုးကြောင့် ကလေးများဟာ အစမ်းသပ်ခံမဖြစ်စေသင့်ပါဘူး။ ဆိုလိုတာက ဘာသာရပ်သင်ရိုးညွှန်းတမ်းတစ်ခုကို ကြားဖြတ်ပြီးထည့်မယ်ဆိုရင် ချင့်ချိန်သုံးသပ်ရမယ့်အချက်တွေ အများကြီးရှိတယ်ဆိုတာ တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ချက် ဘာသာရပ်မဟုတ်ဘဲ Consumer Education သင်ခန်းစာကိုပဲ သင်ခန်းစာအသစ်တွေကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်ဖြစ်တဲ့ ဘဝတွက်တာကျွမ်းကျင်စရာ Life Skills ဘာသာရပ်မှာ ထည့်လို့ရပါတယ်။ ဒီမှာပါဝင်တဲ့ ကျွမ်းကျင်မှုကိုးမျိုးရှိတဲ့အနက်မှာ Creative Thinking နဲ့ Critical Thinking မှာ ဒီကျွမ်းကျင်မှုနှစ်မျိုးရရှိအောင် ဆောင်ရွက်မှုအပေါ်အခြေခံပြီးတော့ Consumer Education ဘာသာရပ်ဆိုင်ရာသင်ခန်းစာအသစ်တွေကို ထည့်သွင်းရေးဆွဲနိုင်ပါတယ်။ ကျွန်တော်တို့ Lower Secondary ခေါ်တဲ့ အခြေခံပညာအလယ်တန်း ဘဝတွက်တာကျွမ်းကျင်စရာသင်ရိုးညွှန်းတမ်းမှာ နယ်ပယ်ခုနစ်ရပ်ခွဲထားပါတယ်။ ဒီနယ်ပယ် ၇ ရပ်ထဲက စိတ်ကျန်းမာရေးလေ့ကျင့်ပေး၊ လူမှုဘဝမှာကျွမ်းကျင်စရာ၊ ရောဂါကင်းဝေး အာဟာရကျွေးဆိုတဲ့ ခေါင်းစဉ်သုံးခုမှာဆိုလို့ရှိရင် ဒီ Consumer Education သင်ခန်းစာသစ်တွေကို ထည့်သွင်းရေးဆွဲနိုင်ပါတယ်။ ယခုအချိန်မှာလို သင်ရိုးသစ်ရေးဆွဲနေတဲ့အချိန်မှာ ဒီသင်ခန်းစာတွေကို ထည့်သွင်းနိုင်ပါတယ်။ ဒ့ါအပြင် သင်ရိုးရဲ့ပမာဏနဲ့ ကလေးရဲ့လက်ခံနိုင်စွမ်းကိုလည်း ချင့်ချိန်ဖို့လိုပါတယ်။ ဒီနေ့ခေတ်ဟာ Holistic Approach ဆိုတဲ့ ဘာသာရပ်များကို ပေါင်းစည်းသင်ကြားနေတဲ့ ခေတ်အချိန်အခါဖြစ်ပါတယ်။ ဘာသာရပ်သင်ရိုးအသစ်ကို ထည့်သွင်းစရာ မလိုအပ်ပါဘူး။ နိဂုံးအနေနဲ့ ဒီနေ့ဒီအချိန်မှာ CESR ဆိုတဲ့ ပညာရေးကဏ္ဍအလုံးစုံ ခြုံငုံသုံးသပ်ခြင်းအပိုင်း(၂)ဟာ မထွက်သေးပါဘူး။ အဲဒီမှာ အသေးစိတ်ပါပါလိမ့်မယ်။ ဒီအပိုင်း(၂)မှာ Life Skills ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်နဲ့ပတ်သက်ပြီး သင်ကြားခြင်းရဲ့ထိရောက်မှုအကျိုးဆက် Impact ကို အသေးစိတ်ဖော်ပြထားမှာဖြစ်ပါတယ်။ ဒီဘာသာရပ်ရဲ့ အခြေအနေကိုလည်း စောင့်ကြည့်ဖို့လိုအပ်ပါတယ်။ ဒ့ါအပြင် Consumer Education ဘာသာရပ်နဲ့ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာမှာ ဘယ်လိုသင်နေကြလဲ၊ ဘယ်လိုလုပ်နေကြလဲဆိုတာလည်း လေ့လာရန် လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို မှတ်တမ်းအဖြစ်သာထားရှိရန် အကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ကျိုက်လတ်မဲဆန္ဒနယ်က ဦးရန်လင်းရဲ့ စားသုံးသူပညာပေးရေး ဘာသာရပ်ကို အခြေခံပညာအလယ်တန်း(၆) တန်း၊ (၇) တန်း၊ (၈) တန်း သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းသင်ကြားပေးရန် အစိုးရအားတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူအားလုံးဟာ စားသုံးသူများဖြစ်ပါတယ်။ စားသုံးသူများနဲ့သက်ဆိုင်တဲ့ အသိပညာဗဟုသုတများကို ဘာသာရပ်တစ်ခုအနေနဲ့ အခြေခံပညာအလယ်တန်း(၆)တန်း၊ (၇)တန်း၊ (၈)တန်းတွေမှာ ထည့်သွင်းသင်ကြားပေးလိုက်ရင် ကျောင်းသားကျောင်းသူများမှတစ်ဆင့် မိသားစုများပါမကျန် လူအများစုဟာ စားသုံးသူရေးရာ အသိပညာဗဟုသုတများ မြင့်မားလာပြီးတော့ ဈေးကွက်ထဲမှာ မိမိတို့အလိုရှိရာကို ရွေးချယ်ဝယ်ယူအသုံးပြုကြမှာဖြစ်တဲ့အတွက် အန္တရာယ်ရှိတဲ့အစားအစာ၊ ဆေးဝါးအတုတွေဟာ ဈေးကွက်မှအလိုအလျောက်တဖြည်းဖြည်း ပျောက်ကွယ်သွားမယ်လို့ ယုံကြည်တဲ့အတွက် အဆိုရှင်က ဒီအဆိုကို စေတနာနဲ့တင်သွင်းတာလို့ ယူဆပါတယ်။ စားသုံးသူတွေဟာ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ အများစုကတော့ သတိမမူ ဂူမမြင်ဘူးဆိုသလို အများစုကတော့ စားသုံးသူများနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့ အချက်တွေကို မသိရှိကြပါဘူး။ ယခုအခါ လူအများစုဟာ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကင်ဆာ စတဲ့ရောဂါကြီးလေးမျိုးနဲ့ တစ်မျိုးမဟုတ်တစ်မျိုး ဆက်နွှယ်နေတယ်လို့ သိရပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်းများစွာက သတိမထားမိတဲ့ စားသုံးခဲ့တဲ့ အစားအစာတွေ၊ ဆေးဝါးတွေကြောင့်ဖြစ်ပါတယ်။ စားသုံးသူများသိထားသင့်တဲ့ အရေးကြီးတဲ့အချက်တွေထဲမှာ ဆားအလွန်အကျွံစားရင် သွေးတိုးနိုင်ပြီး နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်စေနိုင်တယ်။ ဆေးလိပ်သောက်ခြင်းဟာ နှလုံးရောဂါကိုဖြစ်စေတယ်။ အရက်ကို အလွန်အကျွံသောက်ခြင်းကြောင့် နှလုံးကြွက်သားတွေ ထိခိုက်ပျက်စီးစေတယ်။ သွေးတိုးနိုင်တယ်။ အလေးချိန်ပိုများလာနိုင်တယ်။ တစ်နေ့မှာ မိနစ် ၃၀ ခန့် ကိုယ်လက်လှုပ်ရှားမှုတွေလုပ်ဖို့ လိုအပ်တယ်။ သွေးထဲမှာ Cholesterol ပါဝင်မှုကိုတိုင်းတာပြီး Cholesterol များတဲ့အစားအစာတွေကို ရှောင်ကြဉ်ဖို့လိုပါတယ်။ နေမကောင်းလို့ ဆေးပစ္စည်းတွေ အလွယ်တကူဝယ်သုံးတဲ့အခါ ရက်လွန်ဆေးတွေ၊ ဆေးပစ္စည်းအတုတွေ မဖြစ်ဖို့လိုအပ်ပါတယ်။ ဆေးဝယ်ရင် ထုတ်လုပ်တဲ့ရက်စွဲ၊ ကုန်ဆုံးတဲ့ရက်စွဲကို အသေအချာကြည့်ပြီးမှ ဝယ်သုံးသင့်ပါတယ်။ ဆေးပစ္စည်း

တွေကို ဆရာဝန် သို့မဟုတ် ဆေးဝါးကျွမ်းကျင်သူများရဲ့ ညွှန်ကြားချက်ဖြင့်သာ သောက်သုံးသင့်ပါတယ်။ အသားဟင်းဝယ်ရင်လည်း စားသုံးရန်မသင့်တဲ့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ တရားမဝင်တင်သွင်းလာတဲ့ အေးခဲအသားတွေမဖြစ်ဖို့ လိုအပ်ပါတယ်။ ရောဂါတစ်ခုခုဖြစ်လို့သေတဲ့ အသားဟင်းတွေကို ဝယ်မစားမိဖို့ လိုအပ်ပါတယ်။ နိုင်ငံခြားမျိုး အသားစားကြက်တွေဟာ ဓာတုဆေးဝါးတွေနဲ့ ရောစပ်ထားတဲ့အစားအစာတွေ ကျွေးမွေးရတဲ့အတွက် ကာကွယ်ဆေးတွေထိုးထားတဲ့အတွက် သတိထားသင့်တယ်လို့ ယူဆမိပါတယ်။ မြန်မာကြက်တွေကိုသာ စားသုံးသင့်ပါတယ်။ ဝက်သားမှာလည်း အသားတိုးဆေးတွေကျွေးထားတဲ့ ဝက်ရဲ့အသားမဖြစ်ဖို့ လိုအပ်ပါတယ်။ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများမှာလည်း သဘာဝအတိုင်း သို့မဟုတ် သဘာဝမြေသြဇာသုံးပြီးစိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်နဲ့သစ်သီးများကိုသာ ရွေးချယ်စားသုံးသင့်ပါတယ်။ ဟင်းသီးဟင်းရွက်တွေမှာလည်း ရွက်ဖျန်းဆေးတွေ၊ ပိုးသတ်ဆေးတွေ သုံးစွဲနေကြတာဖြစ်လို့ သတ်မှတ်ထားတဲ့ရက်တွေကျော်လွန်ပြီးမှ ရောင်းတဲ့ဟင်းသီးဟင်းရွက်တွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဆား၊ ဆီ၊ သောက်ရေသန့်များနဲ့ တိုင်းရင်းဆေးတွေ၊ နိုင်ငံခြားဆေးတွေမှာလည်း FDA ထောက်ခံချက်ပါတဲ့ ဆေးဝါးတွေကိုသာ သုံးစွဲသင့်ပါတယ်။ ဒါပေမဲ့ အစားအသောက်တွေထဲမှာ ဘယ်ဟာက ဘေးအန္တရာယ်ကင်းပြီး ဘယ်ဟာက ဘေးအန္တရာယ်ဖြစ်နိုင်တယ်ဆိုတာ ဆုံးဖြတ်ဖို့အလွန်ခက်ခဲပါတယ်။ ဒီလို စားသုံးသူများနဲ့ဆိုင်တဲ့ ပညာဗဟုသုတတွေကို အခြေခံပညာအလယ်တန်း (၆) တန်း၊ (၇) တန်း၊ (၈) တန်းသင်ရိုးညွှန်းတမ်းတွေမှာ ထည့်သွင်းသင်ကြားပေးဖို့ အဆိုရှင်က အစိုးရကို တိုက်တွန်းထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစားသုံးသူပညာပေးရေးဘာသာရပ်ဟာ ပြည်သူတွေအတွက် လက်တွေ့အကျိုးပြုနိုင်တဲ့ ဘာသာရပ်တစ်ခုအနေနဲ့ ပြဋ္ဌာန်းသင်ကြားသင့်တာ မှန်ပါတယ်။ ဒါပေမဲ့ ပညာရေးဌာနမှာ ဘာသာရပ်တစ်ခုတိုးပေးဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့မှာအခက်အခဲတွေအများကြီးရှိနိုင်ပါတယ်။ အချိန်အတန်ကြာမှ အောင်မြင်နိုင်မယ်လို့ ယူဆမိပါတယ်။ ဖြစ်နိုင်တာက မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသုံးမြန်မာစာတွေမှာ ကဗျာတွေ၊ ဆောင်ပုဒ်တွေ၊ စာပိုဒ်တွေ၊ ပုံပြင်၊ ဝတ္ထုတွေအဖြစ် သင့်တော်သလို ထည့်သွင်းပြဋ္ဌာန်းပြီး ပြည်သူတွေအသိပညာတိုးပွားလာအောင် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ဒီအဆိုဟာ ပြည်သူတွေအတွက် အကျိုးရှိနိုင်တဲ့အဆိုဖြစ်တာကြောင့် ကျိုက်လတ်မဲဆန္ဒနယ်က ဦးရန်လင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဖြစ်ပါတယ်။ အဆိုရှင်ဟာ မြန်မာနိုင်ငံတစ်ဝန်း ပြည်သူများအားလုံး နေ့စဉ်စားသောက်သုံးဆောင်ကြမယ့် အစားအသောက်တွေနဲ့ပတ်သက်ပြီး အရေးကြီးတဲ့စားသုံးသူရဲ့ရွေးချယ်နိုင်စွမ်းရည်ကို အသိပညာပေးရေးကိစ္စ အလေးထားတင်ပြဆွေးနွေးသွားတာတွေ့ရပါတယ်။ ယနေ့ နိုင်ငံတည်ဆောက်ရေးမှာ ကျန်းမာသန်စွမ်းတဲ့လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဟာ အနာဂတ်အတွက် မဖြစ်မနေလုပ်ဆောင်ရမယ့် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့အဆိုတွေကို ပြီးခဲ့တဲ့လွှတ်တော် ပုံမှန်အစည်းအဝေးတွေမှာ ဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ ကျန်းမာရေးနဲ့မညီညွတ်တဲ့အစားအသောက်တွေ ဈေးကွက်အတွင်းမရောက်ရှိရေး သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းကြပ်မတ်ဖို့နဲ့ ရောင်းဝယ်ဖောက်ကားသူများအနေနဲ့ လိုက်နာရမယ့်သတ်မှတ်ချက်တွေနဲ့ပတ်သက်ပြီး လွှတ်တော်အနေနဲ့ မှတ်တမ်းတင်စောင့်ကြည့်ခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီလို ကြိုတင်ကာကွယ်တားဆီးမှုအရေးယူမှုတွေဟာ ယနေ့နိုင်ငံရဲ့လူနေမှုဘဝအခြေအနေအရ စားသုံးသူပြည်သူများရဲ့အကျိုးငှာ ပြုလုပ်သင့်သလိုတစ်ပြိုင်နက်တည်းမှာပဲ စားသုံးသူများရဲ့ ရွေးချယ်ဝယ်ယူသုံးစွဲနိုင်စွမ်းရည်ကို တဖြည်းဖြည်းမြှင့်တင်ပေးဖို့ အထူးလိုအပ်လှပါတယ်။ အခုအဆိုမှာကတော့ ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူတွေအနေနဲ့ အရည်အသွေးနိမ့်ကျတဲ့ပစ္စည်းတွေ ကျန်းမာရေးအရမသင့်တော်တဲ့စားသောက်ကုန်တွေကို ဘယ်လိုမက်လုံးပေးရောင်းချပေမဲ့ စားသုံးသူတွေအနေနဲ့ မှန်မှန်ကန်ကန်ခွဲခြားစိတ်ဖြာနိုင်မည်ဆိုရင် အဲဒီပစ္စည်းတွေဟာ ဈေးကွက်ထဲကနေ တဖြည်းဖြည်းလျော့ပါးပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ စားသုံးသူတွေ အသိပညာမြင့်မားလေလေ မိမိနဲ့သင့်တော်တဲ့အစားအသောက်၊ အသုံးအဆောင်ကို စနစ်တကျ မှန်မှန်ကန်ကန် ရွေးချယ်သုံးစွဲမှုပိုလာလေလေ ဖြစ်လာမှာပါ။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုပြည်သူများရဲ့ ကျန်းမာရေး၊ အသိပညာပေးရေးဟာ အလွန်ကျယ်ပြန့်များပြားတဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ စားသုံးသူများဆိုကတည်းက အစားစားတတ်တဲ့ကလေးကစပြီး အသက်အရွယ်အိုမင်းတဲ့အထိ အရွယ်စုံပါဝင်တာကို တွေ့ရမှာပါ။

ဒါကြောင့်မို့ နိုင်ငံသူနိုင်ငံသားများအားလုံးအတွက် အလွန်အရေးပါတဲ့အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ National Food Security ကို အလေးထားဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့က ကုန်သည်စက်မှုအသင်းချုပ်မှာပြုလုပ်တဲ့ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ဆိုတဲ့ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံဆီးချို၊ သွေးချိုရောဂါအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာတင့်ဆွေလှရဲ့ တင်ပြချက်အရ မြန်မာနိုင်ငံမှာ လူလေးယောက်မှာ တစ်ယောက်နှုန်းဟာ ကျန်းမာရေးနဲ့မညီညွတ်လို့ စောပြီးသေဆုံးသူများတဲ့အကြောင်း သိရပါတယ်။ သေဆုံးသူအများစုဟာ ဆီးချို၊ သွေးချို၊ နှလုံးသွေးကြောကျဉ်း၊ ကင်ဆာ၊ သွေးတိုးစတဲ့ရောဂါများနဲ့ ဖြစ်ကြပြီး ဆီးချိုဖြစ်ပွားမှုက ၂.၅ သန်း၊ ကိုလက်စရောလို့ခေါ်တဲ့ သွေးတွင်းအဆီများမှုက ၈.၈ သန်း၊ အဝလွန်မှုက ၅.၃ သန်းနဲ့ သွေးတိုးရောဂါက ၆.၃ သန်းဖြစ်ပွားလျက်ရှိပြီး ရောဂါအားလုံးဟာ အစားအသောက်နဲ့သက်ဆိုင်တဲ့အတွက် လုံခြုံစိတ်ချရတဲ့ အစားအသောက်(Food Security)အတွက် နိုင်ငံသားအားလုံးရဲ့ အာဟာရနဲ့ပတ်သက်တဲ့ အစီအမံတွေ(Nutrition Policy)များချမှတ်ရန် လိုအပ်လျက်ရှိကြောင်း တင်ပြသွားတာတွေ့ရတဲ့အတွက် ပြည်သူများအကြား စားသုံးသူပညာပေးရေးဟာ အထူး အလေးပေးဆောင်ရွက်ဖို့ သင့်နေပြီဆိုတာ ထင်ရှားလှပါတယ်။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဆွေးနွေးပွဲကို မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်၊ စားသောက်ကုန်ဆိုင်ရာအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂနဲ့ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ စုံစုံလင်လင်တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။ အခုလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအခန်းကဏ္ဍဖြစ်တဲ့ လူ့စွမ်းအားအရင်းအမြစ်မြင့်မားရေးအတွက် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်ရရှိရေးကို နိုင်ငံတော်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းအကောင်အထည်ဖော်နေကြပြီဆိုတာသိရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နောက်ဆက်လက်ပြီးတင်ပြချင်တာက စားသုံးသူပညာရေးဘာသာရပ်ကို ကျောင်းနေအရွယ်ကလေးတွေမှာ အလယ်တန်းကစပြီး သင်ကြားဖို့အပြင် ကျန်တဲ့နယ်ပယ်မျိုးစုံကပြည်သူတွေအတွက်လည်း စားသုံးသူပညာပေးရေးအတွက် တစ်ပြိုင်နက်တည်းဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကို အကြံပြုလိုပါတယ်။ အဲဒါတွေကတော့ ကျေးလက်ဒေသတွေမှာ အများဆုံးအသုံးပြုနေကြပြီဖြစ်တဲ့

Radio FM လိုင်းများနဲ့ မြန်မာ့ရုပ်မြင်သံကြားမှ တင်ဆက်ခြင်းများဖြစ်ပါတယ်။ ဒ့ါအပြင် လစဉ်ထုတ် အာရောဂျံမဂ္ဂဇင်း၊ အပတ်စဉ်ထုတ် Health Digest ကျန်းမာရေးဂျာနယ် စတာတွေဟာလည်း ကျန်းမာရေးနဲ့ အစားအသောက်အတွက် များစွာဗဟုသုတပေးတဲ့စာစောင်တွေဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဒီစာစောင်၊ ဒီမဂ္ဂဇင်းတွေကရတဲ့အသိပညာဗဟုသုတတွေကို လက်တွေ့အသုံးချနေကြရတာပါ။ ဥပမာ-အကြိမ်ကြိမ်ကျော်ထားတဲ့အကြော်ဆီတွေဟာ ပြည့်ဝဆီ Saturated Fat ဖြစ်တဲ့အတွက် ခန္ဓာကိုယ်က မချေဖျက်နိုင်ကြောင်း ဒါကြောင့် ဈေးကွက်ထဲက နှစ်ပြန်ကြော်တဲ့အရာမှန်သမျှ မစားဖြစ်တော့ပါဘူး။ ဒ့ါအပြင် အဆီတွေမှာလည်း ငါးကရတဲ့အဆီကလွဲလို့ တိရစ္ဆာန်များအားလုံးရဲ့အဆီတွေဟာ ကျန်းမာရေးအတွက်မသင့်တော်ကြောင်းနဲ့ ဟင်းချက်ရာမှာလည်း အချိုမှုန့်အစား ပျားရည်ကို အစားထိုးခတ်သင့်ကြောင်း ပျားရည်ဟာခန္ဓာကိုယ်အတွက် သင့်တော်တဲ့ဓာတ်တိုးဆန့်ကျင်ပစ္စည်း Anti-Oxidant တွေများစွာပါဝင်ကြောင်း စတာတွေဟာ ကျန်းမာရေးဆိုင်ရာစာပေတွေကရရှိတဲ့ ဗဟုသုတ တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့တွေ ဒီလိုသိတဲ့အတွက် အိမ်မှာ Black Coffee သောက်တဲ့အခါမှာ တောင် သကြားအစား ပျားရည်ကို အသုံးပြုနေတာကြာပါပြီ။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချုပ်အားဖြင့် ဆိုရရင် အဆိုရှင်နဲ့အရှေ့ကဆွေးနွေးသွားကြတဲ့ကိုယ်စားလှယ်များဟာ စားသုံးသူများရဲ့အခွင့်အရေးနဲ့တာဝန်တွေကို စားသုံးသူများကိုယ်တိုင်သိဖို့အပြင် ကုန်အမှတ်တံဆိပ်နဲ့ပတ်သက်တဲ့ဗဟုသုတပါ မကျန်တင်ပြထားတာကို တွေ့ရပါတယ်။ ဆက်လက်ပြီး ပြည်သူများရဲ့အစားအသောက်ဘေးကင်းလုံခြုံရေးအတွက် အစားအသောက်နဲ့ကွပ်ကဲရေးဦးစီးဌာန(FDA) မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း၊ မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂတို့ရဲ့လုပ်ဆောင်ချက်တွေကို မျက်မှောက်သတင်းစာများနှင့် ရုပ်မြင်သံကြားမှာ ခပ်စိပ်စိပ်တွေ့လာရတဲ့အတွက်လည်း ဝမ်းပမ်းတသာကြိုဆိုရပါတယ်။ ယနေ့ ပညာရေးမျှော်မှန်းချက်ဖြစ်တဲ့ မျက်မှောက်ခေတ်၏စိန်ခေါ်မှုများရင်ဆိုင်ကျော်လွှားနိုင်ရန်ဆိုတာဟာ ပညာသင်ကြားရခြင်းရဲ့အကြောင်းအရင်းပဲဖြစ်ပါတယ်။ ပညာသင်ကြားတယ်ဆိုတာ အကောင်းအဆိုး၊ အတုအစစ် လုပ်သင့်/မလုပ်သင့် မှန်/မမှန်စတာတို့ကို ခွဲခြားတာဖြစ်ပါတယ်။ အဆိုရှင်ဟာ ဒီအချက်ကို ဖြည့်ဆည်းပေးတဲ့စေတနာနဲ့အဆိုတင်သွင်းခြင်းဖြစ်တဲ့အတွက် ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ အခုကျွန်မက ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းရဲ့အဆိုမှာ ဝင်ရောက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆိုကိုဆွေးနွေးတဲ့အခါမှာ ကျွန်မတို့အနေနဲ့ ပထမဆုံးသတိပြုရတာကတော့ စားသုံးသူရေးရာ ကဏ္ဍနှင့်ပတ်သက်လို့ရှိရင် ကျွန်မတို့မြန်မာနိုင်ငံဟာ အတော်ကြီးကိုနောက်ကျကျန်နေခဲ့ပြီဆိုတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့နိုင်ငံတွေမှာ စားသုံးသူရေးရာကဏ္ဍနှင့်ပတ်သက်လို့ အချက်အလက်ရရေး တွေကို ဈေးကွက်မှာစတင် စုဆောင်းကြတာဟာ ၁၉၃၀ ကတည်းကစတာဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ် ရောက်လာတဲ့အခါမှာ အမေရိကန်မှာ စားသုံးသူရေးရာသမဂ္ဂဆိုတာပေါ်လာပါပြီ။ ၁၉၆၂ ခုနှစ် မတ်လကို ရောက်တဲ့အခါမှာ အမေရိကန်သမ္မတ ဂျွန်အက်ကနေဒီကနေပြီးတော့မှ စားသုံးသူအခွင့်အရေးတွေနဲ့ သက်ဆိုင်တဲ့မိန့်ခွန်းတစ်ရပ်ကို ကမ္ဘာမှာ ပထမဆုံးပြောကြားခဲ့ဖူးတာပါ။ အဲဒီမိန့်ခွန်းပါအချက်အလက် တွေပေါ်မှာ အခြေခံပြီးတော့ပဲ စားသုံးသူအခွင့်အရေးတွေနဲ့စပ်လျဉ်းတဲ့ ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ် ဆိုတာပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့မြန်မာနိုင်ငံကတော့ ၂၀၀၉ ခုနှစ်မှာ စားသုံးသူရေးရာပညာပေးဆိုတာ စပြီးလုပ်တာတယ်။ ၂၀၁၂ ခုနှစ်မှာ ကျွန်မတို့လွှတ်တော်မှာ ဥပဒေ ပြဋ္ဌာန်းဖို့ဆွေးနွေးကြတယ်။ ၂၀၁၄ ခုနှစ်မှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုတာ ပေါ်ပေါက်လာ ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာပေါ်မှာ အခုလိုနောက်ကျကျန်နေခဲ့တဲ့ အကြောင်းအရာကို ဒီနေ့ ဒီအချိန်မှာ လွှတ်တော်ထဲမှာ ဒီလိုဆွေးနွေးခွင့်ရတဲ့အတွက် အဆိုတင်သွင်းတဲ့အဆိုရှင်ကို ကျွန်မတို့ အနေနဲ့ အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ ဒီအဆိုမှာပါဝင်တဲ့ တချို့အကြောင်းအရာများကိုတော့ ကျွန်မအနေနဲ့ သုံးသပ်ဆွေးနွေးအကြံပေးသွားချင်တာလေးတွေရှိပါတယ်။ ပထမဆုံးအနေနဲ့ ကျွန်မတို့ စားသုံးသူပညာပေးရေး Consumer Education ဆိုတာမှာ စားသုံးသူဆိုတာ ကျွန်မတို့ရှေးဦးပိုင်း ဆွေးနွေးတဲ့သူတွေလည်း ပြောပြသွားကြပါတယ်။ အစားအသောက်တစ်ခုတည်းကိုပဲ ဝယ်ယူစားသုံး တာမျိုးကို ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်မတို့ လူတွေအခကြေးငွေပေးပြီး ဝယ်ယူရတဲ့အစားအသောက် တွေအပြင် ဆေးဝါးတွေ၊ အသုံးအဆောင်တွေ၊ လူသုံးကုန်တွေ၊ ဝန်ဆောင်မှုအမျိုးမျိုးတွေ စသဖြင့် အစုံအလင်ကို ပါဝင်တာဖြစ်ပါတယ်။ ဒီလိုပါပဲ ပညာပေးရေးဆိုတာကလည်း ကျွန်မတို့ဝယ်ယူသုံးစွဲ ရတဲ့စားသောက်ကုန်တွေ၊ အသုံးအဆောင်တွေ၊ ဝန်ဆောင်မှုတွေရဲ့ အရည်အချင်း၊ အရည်အသွေး တွေကို ဆန်းစစ်တတ်ရုံတင် ပညာပေးရတာမဟုတ်ပါဘူး။ ကျွန်မတို့ စားသုံးသူအခွင့်အရေးတွေ

ရပိုင်ခွင့်တွေနဲ့စပ်လျဉ်းတဲ့၊ နှီးနွှယ်တဲ့ဥပဒေတွေကိုပါ ပညာပေးရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မဆိုလိုချင်တာက ဒီခေါင်းစဉ်သည် အင်မတန်မှကျယ်ပြောလှတဲ့ခေါင်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဒီလိုအပြောကျယ်တဲ့ခေါင်းစဉ်တစ်ခုကို ကျွန်မတို့က အခြေခံပညာကျောင်းတွေမှာ ကလေးတွေကို ပညာပေးဖို့ရည်ရွယ်ပြီဆိုရင် အခြေခံပညာကျောင်းတွေရဲ့သင်ရိုးညွှန်းတမ်းတွေမှာထည့်ပြီး ပညာပေးချင်တာလား။ သင်ရိုးညွှန်းတမ်းတွေမှာထည့်ချင်တယ်ဆိုလို့ရှိရင် ဘယ်အတန်း၊ ဘယ်အသက်အရွယ်မှာ စထည့်ပြီးတော့၊ ဘယ်အတန်း ဘယ်အသက်အရွယ်မှာ အဆုံးသတ်မှာလဲ။ ဘယ်လိုအစီအစဉ်နဲ့ သင်ကြားပို့ချချင်ပါလဲ။ အကယ်၍ သင်ရိုးညွှန်းတမ်းမှာ မထည့်ဘဲနဲ့ ပညာပေးချင်တယ်ဆိုလို့ရှိရင် စာသင်ချိန်တွေမှာပဲ ကလေးတွေကို မည်သည့်အဖွဲ့အစည်းတွေကနေ လာရောက်ပို့ချမှာလဲ။ ဘယ်လိုပုံစံမျိုးတွေနဲ့ ပို့ချမှာလဲ စတဲ့လုပ်ငန်းအသေးစိတ် အစီအစဉ်တွေဟာ ကျွန်မတို့လွှတ်တော်ထဲမှာ အခုလို တစ်ထိုင်တည်းဆွေးနွေးဆုံးဖြတ်ရုံနဲ့ပြည့်စုံကောင်းမွန်မယ်လို့ ကျွန်မက မယူဆပါဘူး။ ဒီလိုမျိုးလုပ်ငန်းအသေးစိတ်အစီအစဉ်တွေရဲ့အကောင်းဆုံးအဖြေဆိုတာ တာဝန်ယူဆောင်ရွက်ရမယ့်ဝန်ကြီးဌာနရယ်၊ ကျွန်မတို့တွဲဖက်လုပ်ဆောင်ရမယ့် မိတ်ဖက်ဝန်ကြီးဌာနတွေရယ်၊ ပြင်ပပညာရှင်အဖွဲ့အစည်းတွေရဲ့အထပ်ထပ်ဆွေးနွေးမှုရလဒ်တွေရယ် နောက်ဆုံးထွက်လာမယ့်အဖြေကိုသာ ကျွန်မအနေနဲ့ ယူစေလိုပါတယ်။ ဒါက ဒီအဆိုနဲ့ပတ်သက်တဲ့ ပထမဆုံးသဘောထားအကြံပြုချက်အမြင်ဖြစ်ပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ ကျွန်မဆက်ဆွေးနွေးချင်တာကတော့ ရှေးဦးပိုင်းကိုယ်စားလှယ်တွေလည်း ကျွန်မတို့ ဆွေးနွေးသွားပါတယ်။ Consumer Education စားသုံးသူပညာပေးရေးဆိုတာဟာ တကယ်တမ်းတော့ ကျွန်မတို့ စားသုံးသူရပိုင်ခွင့် Consumer Rights ထဲက ကျွန်မတို့အချက်တစ်ခုသာဖြစ်ပါတယ်။ ကျွန်မတို့ စားသုံးသူရပိုင်ခွင့်မှာ စားသုံးသူပညာပေးရေးဆိုတာအပြင် တခြားအချက် တွေလည်းပါဝင်နေတာ ဖြစ်ပါတယ်။ စားသုံးသူများရဲ့အခြေခံလိုအပ်ချက်ရပိုင်ခွင့်၊ သတင်းအချက်အလက်ရပိုင်ခွင့်၊ မှန်ကန်စွာကြားသိနိုင်ခွင့်၊ နောက်ကျွန်မတို့နစ်နာမှုများအတွက် ရပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်၊ ကျန်းမာသန့်ရှင်းတဲ့ပတ်ဝန်းကျင်ရပိုင်ခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းတဲ့အစားအစာတွေ ရပိုင်ခွင့် ဒါတွေပါပါဝင်တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့မြန်မာနိုင်ငံမှာ ဒီလိုစားသုံးသူတွေရဲ့အခွင့် အရေးကိုကာကွယ်ဖို့အတွက် သီးသန့်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမရှိဘူးလား။ ကျွန်မတို့ ရှိပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် မေလမှာကတည်းက ကျွန်မတို့စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းသည် လက်ရှိ ၂၀၁၄ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို

ကိုင်တွယ်ကျင့်သုံးနေပြီးတော့ ဒီဌာနရဲ့ရည်ရွယ်ချက်မှာကိုက စားသုံးသူများသည် မိမိတို့ရဲ့ အခွင့်အရေးကို ကောင်းစွာသိရှိနားလည်ပြီး နားလည်တက်စေဖို့ စားသောက်ကုန်နှင့်ကုန်စည်များကို ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖျားခြင်းမခံရစေဖို့ ကျွန်မတို့ မြန်မာနိုင်ငံမှာ စားသုံးသူများအခွင့်အရေးနှင့်ပတ်သက်လို့ရှိရင် ခိုင်မာတိကျတဲ့ စနစ်တစ်ရပ်ပေါ် ထွန်းလာစေဖို့ဆိုပြီးတော့ ရည်ရွယ်ချက်ထားရှိတာပါ။ အဲဒီတော့ ဒီနေရာမှာ ကျွန်မအနေနဲ့ ဆိုလိုချင်တာက၊ အကြံပြုချင်တာက ကျွန်မတို့မှာ ရည်ရွယ်ချက်လည်းရှိပြီးသားအဖွဲ့အစည်းရှိနေပါတယ်။ သူ့မှာကိုင်သုံးရမည့် ဥပဒေလည်းရှိတယ်။ လက်ရှိလည်း ပြည်သူ့ဘဏ္ဍာငွေနဲ့ လည်ပတ်နေတဲ့ စားသုံးသူရေးရာဦးစီးဌာနသည် လက်ရှိပစ္စုပ္ပန်မှာ မြန်မာနိုင်ငံလူထုလူတန်းစားအားလုံးအတွက် တာဝန်အရှိဆုံး၊ တာဝန်ယူနေတဲ့ဌာနတစ်ခုဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်မတို့က ပညာရေးဝန်ကြီးဌာနကို ကလေးတွေရဲ့ သင်ရိုးညွှန်းတမ်းမှာ ထည့်သွင်းပေးဖို့ ပညာပေးဖို့ဆိုတာသည် ဒါဟာ ကျွန်မတို့အနာဂတ်မျှော်မှန်းချက်နဲ့ လုပ်ဆောင်ခိုင်းတဲ့ အနာဂတ်ရလဒ်အတွက် ကျွန်မတို့ ရည်ရွယ်တာဖြစ်ပါတယ်။ ကျွန်မတို့ လေးလေးနက်နက်စဉ်းစားကြည့်ဖို့ လိုပါတယ်။ အနာဂတ်ရလဒ်ကောင်းဖို့လုပ်ဆောင်တဲ့ကိစ္စတွေဟာ ပစ္စုပ္ပန်ရဲ့လုပ်ဆောင်ချက်တွေပေါ်မှာ အခြေခံရတာဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မအနေနဲ့ ဒီနေရာမှာ အကြံပြုလိုတာကတော့ လက်ရှိလတ်တလောမှာ လုံးလုံးလျားလျားတာဝန်ရှိနေတဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ စားသုံးသူရေးရာဦးစီးဌာနသည် သူ့ရဲ့တစ်ခြားသောမိတ်ဖက်ဌာနဖြစ်တဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်မှာရှိတဲ့ အစားအသောက်ကွပ်ကဲရေးဦးစီးဌာန၊ တခြားသော ပြင်ပကပုဂ္ဂလိကအဖွဲ့အစည်းများအခုလိုမျိုး ပညာရေးဝန်ကြီးဌာနတွေကို သူ့အနေနဲ့ သူကရှေ့ကနေဦးဆောင်ဦးရွက်ပြုပြီးတော့ ဘယ်လိုပညာပေးရမယ်ဆိုတဲ့ အစီအစဉ်တွေကို ဆွေးနွေးဆုံးဖြတ်လုပ်ကိုင်လို့ရှိရင် ပိုပြီးသင့်တော်ကောင်းမွန်မယ်လို့ ကျွန်မက မြင်ပါတယ်။ ဒါကတော့ ကျွန်မရဲ့ ဒီအဆိုနဲ့ပတ်သက်တဲ့ ဒုတိယမြောက်အကြံပြုချက်ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်မအကြံပြုချင်တာကတော့ ကျွန်မတို့က ဒီလိုစားသုံးသူပညာပေးရေးတွေလုပ်တာဟုတ်ပြီ။ တစ်ချိန်မှာအသိပညာမြင့်မားလာတဲ့ လူထုက ရွေးချယ်ဝယ်ယူလို့ရနိုင်လောက်တဲ့ဈေးကွက်အနေအထားမျိုးဖန်တီးပေးဖို့ရာကတော့ ပထမဆုံးအရေးကြီးဆုံး ဖြစ်ပါတယ်။ ဒီလိုဈေးကွက်မျိုးအနေအထားမျိုးကို ကျွန်မတို့ဖန်တီးပေးဖို့ရန်အတွက်ကတော့ အခုလို လုပ်ဆောင်ချက်ထက်ပိုပြီးတော့ ကျွန်မတို့က အချိန်အဟုန်မြင့်တဲ့လုပ်ဆောင်ချက်မျိုးတွေနဲ့ အားလုံးပူးပေါင်းပါဝင်

ဆောင်ရွက်မည် ဒါကိုအရေးတကြီးကိစ္စရပ်အနေနဲ့လည်း မြင်ပြီးတော့ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်ပါမယ်လို့ ပြောကြားရင်းနဲ့ ကျွန်မရဲ့ဆွေးနွေးမှုကို အဆုံးသတ်လိုက်ရပါတယ်။ ကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပြီးတော့ ကျိုက်လတ်မဲဆန္ဒနယ်မှ အဆိုရှင် ဦးရန်လင်းရဲ့အဆိုကို တရားဥပဒေ စိုးမိုးရေးရှုထောင့်ကနေပဲ မူအားဖြင့် ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ပထမပိုင်း အနေနဲ့ ကျွန်မတို့အစိုးရသစ်ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကိုက လူ့အရင်းအမြစ် သယံဇာတအဖြစ် နိုင်ငံတော်ကို တည်ဆောက်မယ်ဟု မိန့်ကြားခဲ့တဲ့မှုနဲ့ ကိုက်ညီနေသလို နိုင်ငံ တစ်နိုင်ငံရဲ့ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍတွေမှာ များစွာရင်းနှီးမြှုပ်နှံမှု လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ရေရှည်အကျိုးကိုမျှော်ကိုးပြီး Consumer Education ကို (၆)တန်း၊ (၇)တန်း၊ (၈)တန်း သင်ရိုးညွှန်းတမ်းတွေမှာ ထည့်သွင်း ရေးဆွဲရန် အဆိုပြုချက်ဟာ ပညာရေးကဏ္ဍမှတစ်ဆင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အထောက်အပံ့ဖြစ်စေတယ်လို့ ယုံကြည်တဲ့အတွက် ထောက်ခံတာဖြစ်ပါတယ်ရှင်။ ဒုတိယပိုင်းအနေနဲ့ အဆိုရှင်ရဲ့အဆိုဟာ ချက်ချင်းအကျိုးဖြစ်ထွန်းမှုထက် အနာဂတ်မှာ လျော့ပါးပျောက်ကွယ်သွားဖို့ ရည်ရွယ်တဲ့အတွက်လည်း ပိုမိုထောက်ခံပါတယ်ရှင်။ အဆိုရဲ့ရည်ရွယ်ချက်အောင်မြင်ဖို့ရာအတွက် တရားဥပဒေစိုးမိုးရေးက အရေးကြီးကြောင်း ဆွေးနွေးလိုပါတယ်ရှင်။ မိမိတို့နိုင်ငံမှာ မည်မျှအဖိုးထိုက် တန်တဲ့ ခေါင်းဆောင်ကောင်းရှိပြီး မူဝါဒများ ချမှတ်နေစေကာမူ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တွေ လိုက်နာမှု၊ သိရှိမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေ အားနည်းနေမယ်ဆိုလို့ရှိရင် နိုင်ငံရေးစနစ် တစ်ခု ထူထောင်တဲ့အခါမှာ နှောင့်နှေးကြန့်ကြာနေမှာဖြစ်ပြီးတော့မှ အင်မတန်မှ ဝမ်းနည်းစရာ ကောင်းပါတယ်ရှင်။ ယနေ့အချိန်အခါမှာဆိုရင် ကျွန်မတို့နိုင်ငံမှာ ရှေ့ကကိုယ်စားလှယ်တော်ကြီးများ လည်း ဆွေးနွေးခဲ့ပြီးဖြစ်သလို စားသုံးသူရေးရာဦးစီးဌာနရှိနေပြီးတော့ ဓင်းဦးစီးဌာနရဲ့လုပ်ငန်း တာဝန်နဲ့လုပ်ငန်းစဉ်တွေထဲမှာကိုက သတင်းအချက်အလက်ဖြန့်ဝေခြင်းတွေ၊ အသိပညာပေးခြင်း တွေ၊ စုံစမ်းစစ်ဆေးခြင်းတွေ ပါဝင်တာဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်မတို့ပြည်ထောင်စုလွှတ်တော်ကြီးမှ ၂၀၁၄ ခုနှစ်၊ ဥပဒေအမှတ်(၁၀)နဲ့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အခန်း(၁၂)ခန်း၊ ပုဒ်မ ၃၁ ခုတို့နဲ့

အတည်ပြုပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေရဲ့အခန်း(၁)အမိပ္ပာယ်ဖွင့်ဆိုချက်နဲ့ အခန်း(၂)ရည်ရွယ်ချက်တွေမှာ အသေးစိတ်ရှင်းလင်းပြဋ္ဌာန်းထားခဲ့ပြီးသားဖြစ်ပါတယ်ရှင်။ အခန်း(၃)မှာကတော့ စားသုံးသူကာကွယ်ပေးရေးဗဟိုကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကဥက္ကဋ္ဌအဖြစ်လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသောသူများက အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့်လည်းကောင်း ပါဝင်ဖွဲ့စည်းရမယ်လို့ ပါရှိပြီးတော့မှ ယခုလက်ရှိအချိန်မှာလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်ရှင်။ ထို့အတူပဲ အခန်း(၄)မှာတော့ ၎င်းကော်မတီရဲ့လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အခန်း(၈)မှာကတော့ ၎င်းကော်မတီကနေပြီးတော့မှ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွေကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအထိ ဖွဲ့စည်းတာဝန်ပေးအပ်ရမယ်လို့ ပြဋ္ဌာန်းထားပါသော်လည်း ယနေ့အနေအထားမှာတော့ ခရိုင်အဆင့်အထိသာ ဖွဲ့စည်းထားနိုင်တာကို လေ့လာသိရှိရပါတယ်ရှင်။ စားသုံးသူကာကွယ်ပေးရေးဥပဒေမှာ စားသုံးသူများရဲ့အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူအငြင်းပွားမှုများကို မည်ကဲ့သို့ ဖြေရှင်းရမယ်ဆိုတာကို ပြစ်မှု၊ ပြစ်ဒဏ်များနှင့်တကွ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုရှင်ရဲ့ စိုးရိမ်ပူပန်တဲ့ အချက်တစ်ချက်စီတိုင်းကိုလည်း စားသုံးသူကာကွယ်ပေးရေးဥပဒေပုဒ်မ ၈ မှာ ပုဒ်မခွဲတစ်ခုစီနဲ့ အသေးစိတ်ပြဋ္ဌာန်းထားတာဖြစ်ပါတယ်ရှင်။ ဒီလိုပြဋ္ဌာန်းချက်တွေရှိပါလျက်နှင့် အဆိုရှင်က ဘာကြောင့်ဒီအဆိုကို တင်သွင်းရတာလဲ။ ဒါကို စနစ်တကျပြန်လည်ဆန်းစစ်ဖို့လိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်အောင်မြင်ဖို့ရာအတွက် ဝန်ကြီးဌာနတစ်ခုတည်းကသာ ဆောင်ရွက်လျှင် မအောင်မြင်နိုင်ပါဘူး။ ဝန်ကြီးဌာနအဖွဲ့အစည်းအသီးသီးမှ စနစ်တကျပူးပေါင်း ကြပ်မတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်ရှင်။ ဒီလိုပူးပေါင်းဆောင်ရွက်ဖို့ရာအတွက်လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပုဒ်မ ၂၂၄ နှင့် ၂၂၅ မှာ တည်ဆဲဥပဒေများကို အကောင်အထည်ဖော်ရာမှာ အောင်မြင်ဖို့ရာအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတာဖြစ်သလို ကျွန်မတို့ ၂၀၁၄ ခုနှစ်၊ စာသုံးသူအကာအကွယ်ပေးရေးဥပဒေအခန်း(၄) ပုဒ်မ ၅ ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဠ)တို့မှာလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်ရှင်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေဖြင့် မိမိရဲ့ရှေ့မှ ကိုယ်စားလှယ်ကြီးမှလည်း အသေးစိတ်ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခုတည်ရှိပြီးသားပြဋ္ဌာန်းချက်များ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များရှိနေပါလျက်၊ လုပ်ဆောင်နေပါလျက်နှင့် ဘာအတွက်ကြောင့်မို့လို့ ထိရောက်အောင်မြင်မှု မရှိသေးတာလဲ။ ဘယ်လိုအဟန့်အတားတွေ၊ စိန်ခေါ်မှုတွေရှိနေသေးတာလဲဆိုတာကို စနစ်တကျသေချာလေ့လာဆန်းစစ်ပြီးတော့မှသာလျှင် ဖြည့်ဆည်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဒါမှသာ ကျွန်မတို့ ကျုန်းမာကြံ့ခိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ် သယံဇာတနှင့် ကျွန်မတို့လိုချင်တဲ့၊ ကျွန်မတို့တည်ဆောက်ချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မှာဖြစ်တယ်လို့ အလေးအနက်ယုံကြည်တဲ့အတွက်ကြောင့်မို့လို့ အကြံပြုဆွေးနွေးရပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

## ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးရန်လင်း၏အဆိုဖြစ်သော နိုင်ငံသားများအား စားသုံးသူပညာပေးရေး(Consumer Education)ဘာသာရပ်ကို သင်ကြားပေးခြင်းအားဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသောအစားအစာ၊ ဆေးဝါးအတုများ၊ ညံ့ဖျင်းသောဝန်ဆောင်မှုများ စျေးကွက်တွင် အလိုအလျောက် တဖြည်းဖြည်းပျောက်ကွယ်မည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း(၆၊ ၇၊ ၈)တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး ၁၆ ဦးမှ စားသုံးသူပညာပေးရေး (Consumer Education)ဘာသာရပ်ကို အခြေခံပညာအလယ်တန်း (၆)တန်း၊ (၇)တန်း၊ (၈)တန်း မှစ၍ ထည့်သွင်းသင်ကြားပေးရန်၊ Consumer Education ရဲ့အရေးပါပုံ၊ လူငယ်လူရွယ်များ အတွက် အကျိုးရှိပုံတို့ကို ရှုထောင့်ပေါင်းစုံကနေ ဆွေးနွေးသွားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် ကြီးများအား ပညာရေးဝန်ကြီးဌာနမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ၁၆ ဦးရဲ့ တင်ပြချက်များကိုကြည့်မယ်ဆိုရင် နှစ်ဦးက ဥပဒေရေးရာ ရှုထောင့်ကနေ တော်တော်လေးအသေးစိတ် ပိုင်းခြားဝေဖန်တင်ပြသွားတာရှိသလို၊ လွှတ်တော် ကိုယ်စားလှယ်ကြီးခုနစ်ဦးကလည်း စားသုံးသူပညာပေးရေး(Consumer Education)နဲ့ လက်တွေ့ ဘဝမှာ ပညာရေးစနစ်အတွင်း ထည့်သွင်းသင်ကြားပေးနိုင်မယ့် နည်းလမ်းများနှင့်ပတ်သက်လို့ ကောင်းကျိုး၊ ဆိုးကျိုး ကြိုတင်စဉ်းစားရမယ့်အချက်တွေ၊ ပြင်ဆင်ရန်အချက်တွေ၊ အကျိုးအပြစ် ထောင့်စုံအောင် သုံးသပ်ဆွေးနွေးသွားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီးများ သုံးသပ်အကြံပြုချက်အရ ကျွန်တော်တို့ပညာရေးစနစ်အတွင်းမှာ ဖွံ့ဖြိုးရေး ဘာသာရပ်တွေကို Holistic Approach သင်လို့ရကြောင်း တင်ပြသွားတာ မှတ်ယူရပါတယ်။ ဒီလိုပဲ Integrated Approach နဲ့သင်ကြားနိုင်ကြောင်းလည်း လမ်းညွှန်သွားတဲ့အတွက် ကိုယ်စားလှယ်ကြီး များရဲ့ဆွေးနွေးချက်များအားလုံးကို လုပ်ငန်းလမ်းညွှန်အဖြစ် မှတ်ယူကျင့်သုံးမည်ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ ကိုယ်စားလှယ်ကြီးများ ထောက်ပြဆွေးနွေးခဲ့သလို ကျွန်တော်တို့ပညာရေးဝန်ကြီးဌာန အခြေခံပညာသင်ရိုးညွှန်တမ်းမူဘောင်မှာ လူငယ်၊ လူရွယ်တွေအတွက် ကာယ၊ ဉာဏ၊ စာရိတ္တ ဗလ ငါးတန်ဖွံ့ဖြိုးရေးအတွက် ထည့်သွင်းထားတဲ့ အကြောင်းအရာများစွာ ရှိပါတယ်။ အားကစား၊ အနုပညာ၊ ယဉ်ကျေးမှု၊ မူးယစ်ဆေးဝါးကာကွယ်ရေး၊ လူကုန်ကူးမှုအသိပညာပေးရေး၊ ကာယပညာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏သဘောတရား၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုစိတ်ဓာတ်၊ ရှေးဦးသူနာပြု၊ ကျန်းမာရေးအခြေခံ၊ ယဉ်ကျေးလိမ္မာအခြေခံ၊ လူ့အခွင့်အရေး၊ ဥပဒေအခြေခံ၊ စာရိတ္တပညာ၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီရေးရာ၊ ငြိမ်းချမ်းရေး မြတ်နိုး တတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်၊ Sex Education၊ ပန်းချီအခြေခံ၊ ဂီတအခြေခံ၊ လက်မှုပညာအပြင် ယခု Consumer Education များပါ ပါဝင်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ပညာရေး ဝန်ကြီးဌာနကတော့ ၂၀၁၁ ခုနှစ်ကစပြီး ဒီလိုဖွံ့ဖြိုးတိုးတက်မှု ဖွံ့ဖြိုးရေးဘာသာရပ်တွေကို ခြုံငုံသော

အားဖြင့် Consumer Education အကြောင်းအရာတွေကို စတင်သင်ကြားပေးလျက်ရှိကြောင်း ကိုယ်စားလှယ်တော်ကြီးများအား ရိုသေစွာတင်ပြအပ်ပါတယ်။ သင်ရိုးညွှန်းတမ်းမှာ ကြည့်ရင်တော့ Consumer Education လို့ တိုက်ရိုက်နာမည်ဖော်ပြထားတာတော့ မရှိသော်လည်း ကျောင်းသား ကျောင်းသူများရဲ့အသက်အရွယ်၊ သူတို့မှာရှိတဲ့ ဉာဏ်ရည်၊ သူတို့မှာရှိတဲ့ စဉ်းစားဆင်ခြင် ဉာဏ်တို့နှင့် လိုက်လျောညီထွေရှိနိုင်မယ့် သင်ခန်းစာများကို ဘဝတွက်တာကျွမ်းကျင်စရာ (Life Skills)ဘာသာရပ်မှာ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီသင်ကြားမှုနဲ့ပတ်သက်၍ အကျဉ်းချုပ် မျှတင်ပြနိုင်ရန် Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ဒီမှာ အချိန်ကို ငဲ့ညှာသောအားဖြင့် သုံးနေတဲ့သင်ရိုးပြဋ္ဌာန်းစာအုပ်ပါဝင်တဲ့အကြောင်းအရာလေးပဲ ကျွန်တော့်ကို အကျဉ်းချုပ်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကလေးသူငယ်ပထမတန်းအရွယ် သူတို့လိုက်လျောညီထွေတဲ့ အသိဉာဏ်လည်းရှိအောင် ကာတွန်းပုံစံလေးများနဲ့ စတင်ပညာပေးပါတယ်။ ဒီဟာကတော့ သင်ခန်းစာ စာမျက်နှာထဲက သင်နေတဲ့အကြောင်းအရာကို Scan ဖတ် တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ သင်ရိုးညွှန်းတမ်းမူဘောင်နဲ့ သင်ကြားမယ့်အကြောင်းအရာအကျဉ်းချုပ်ကို တင်ပြခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ဒီသင်ခန်းစာများအပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တရားဝင်ကြေညာထုတ်ပြန်ထားတဲ့ အချက်များ၊ အများပြည်သူသုံးစွဲရန်မသင့်တဲ့ အစားအသောက်စာရင်းတွေ၊ ဆေးဝါးနှင့် အလှကုန်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှတစ်ဆင့် သက်ဆိုင်ရာကျောင်းအသီးသီးရှိ ကျောင်းသူကျောင်းသားများနှင့် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသော မိဘဆွေမျိုးများပါ သိရှိရှောင်ရှား နားလည်စေရန်၊ သတိပြုနိုင်ရန် အဆင့်ဆင့်အသိပေး၊ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အခြေခံပညာအဆင့်တွင် အမျိုးသားပညာရေး စီမံကိန်းအရ ဆက်လက်ရေးဆွဲပြုစုလျက်ရှိတဲ့ သင်ရိုးသစ်များမှာ အန္တရာယ်ရှိတဲ့အစားအစာဆိုတာ ဘာလဲ။ ဆေးဝါးအတုဆိုတာဘာလဲ။ ညံ့ဖျင်းသောဝန်ဆောင်မှုဆိုတာဘာလဲ။ သင့်လျော်သည့်၊ ကောင်းမွန်သည့်အစားအစာဆိုတာဘာလဲ။ ရွေးချယ်ဝယ်ယူရေးအတွက် လိုအပ်တဲ့အသိပညာ၊ စားသုံး သူရေးရာအသိပညာပေးရေးသင်ခန်းစာများကို ကလေးသူငယ်များရဲ့အသက်အရွယ်၊ ဉာဏ်ရည်၊ နားလည်မှုအဆင့်အတန်းတို့နှင့်ညီညွတ်အောင် ထည့်သွင်းလျာထားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ သင်ရိုးညွှန်းတမ်းရေးဆွဲမှုအနေဖြင့် ကျွန်တော်တို့ထည့်သွင်းလျာထားပြီးရင် အမျိုးသား ပညာရေးမူဝါဒကော်မရှင်ကို တင်ပြဖို့ရှိပါတယ်။ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကနေတစ်ဆင့်

National Curriculum Committee အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏အတည်ပြုချက်ကို ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာအဆင့်တွင် စားသုံးသူပညာပေးရေး (Consumer Education)ဘာသာရပ်လို့ တိုက်ရိုက်အမည်နာမ မဖော်ပြထားသော်လည်း ၂၀၀၁ ခုနှစ်ကတည်းကစပြီး လက်ရှိအသုံးပြုနေသည့် သင်ရိုးများမှာ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်တွင် ထည့်သွင်းသင်ကြားလျက်ရှိနေပါကြောင်း၊ ပညာရေးမဟာဗျူဟာစီမံကိန်းအရ ဆက်လက်ရေးဆွဲပြုစုရန် ဆောင်ရွက်နေတဲ့ သင်ရိုးသစ်များမှာသော်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၏အကြံပြု လမ်းညွှန်ချက်များအတိုင်း ကျောင်းသူကျောင်းသား၊ လူငယ်အဆင့်ဆင့် တို့ရဲ့အသက်အရွယ်၊ ပညာအရည်အချင်း၊ ၎င်းတို့ရဲ့ဉာဏ်ရည်တို့နဲ့ လိုက်လျောညီထွေရှိမယ့် စားသုံးသူရေးရာ အသိပညာပေးသင်ခန်းစာများကို ထည့်သွင်းရေးဆွဲရေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်ကြီး၏တင်ပြချက်အဆိုအား လွှတ်တော်မှ မှတ်တမ်း အဖြစ်ထားရှိပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ရိုသေစွာတင်ပြ အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အဆိုနှင့်ပတ်သက်လို့ ပြည်ထောင်စု ဒုတိယ ဝန်ကြီးအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစုက ထောက်ခံဆွေးနွေးတာတွေရော၊ အကြံပြု လမ်းညွှန်တာတွေရော အားလုံးအတွက် ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီနေရာမှာ တချို့က စားသုံးသူပညာပေးရေးကို သက်ဆိုင်ရာအဖွဲ့အစည်းကတစ်ဆင့် လုပ်မယ်ဆိုရင် ရတယ်လို့ တင်ပြသွားတဲ့သူရှိပါတယ်။ ကျွန်တော့်ရဲ့ သဘောထားကိုမတင်ပြမီ ဒီနေ့အခြေအနေလေး အချက်အလက်အချို့ကို တင်ပြလိုပါတယ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ရွေးကောက်ပွဲမဝင်ခင်အထိ မြန်မာစားသုံးသူများ သမဂ္ဂရဲ့ ဥက္ကဋ္ဌအဖြစ် လေးနှစ်ခန့်ဆောင်ရွက်ခဲ့ပါတယ်။ စားသုံးသူပညာပေးရေး ကိုအစဉ်တစိုက် ဆောင်ရွက်ခဲ့ပေမဲ့ ဘယ်ရွာတွေကိုမှ မရောက်ခဲ့ရပါဘူး။ ခရီးမပေါက်ခဲ့ပါဘူး။ အခုမြန်မာနိုင်ငံစားသုံးသူများနှင့်ပတ်သက်လို့ လုပ်နေတဲ့အသင်းအဖွဲ့ နှစ်ခုရှိပါတယ်။ အစိုးရဌာနက

အဓိကအားဖြင့် FDA လို့ခေါ်တဲ့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရယ်၊ ကုန်သွယ်ရေး ဌာနက စားသုံးသူရေးရာဦးစီးဌာနရယ် နှစ်ခုကအစိုးရဘက်ကပါ။ CSO လို့ခေါ်တဲ့ အရပ်ဘက်က အဖွဲ့နှစ်ခုရှိပါတယ်။ အဲဒီတော့ အစိုးရက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားသုံးသူကာကွယ်ရေးဦးစီးဌာနဟာ ခရိုင်ပေါင်း ၅၆ ခုမှာ စားသုံးသူကာကွယ်ပေးရေးရုံးတွေဖွင့်ပြီး ဖြစ်တယ်လို့ဆိုပါတယ်။ FDA လို့ခေါ်တဲ့အဖွဲ့ကနေပဲ ကျွန်တော်တို့ ခရိုင်ရုံး ၃၂ ခုဖွင့်ပြီးစစ်ဆေးနေပါ တယ်လို့ ပြောပါတယ်။ ဒီကနေ့ ဇွန်လ ၁၅ ရက်နေ့မှာ ပြီးခဲ့တဲ့ ဇွန်လ ၇ ရက်နေ့ လွန်ခဲ့တဲ့တစ်ပတ်က ထုတ်တဲ့သတင်းစာ The Voice သတင်းစာမှာ ကျန်းမာရေးကဏ္ဍမှာ FDA ညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်က နေပြည်တော်မှာရှိတဲ့ အစားအသောက်တွေကို Survey လုပ်တဲ့အခါမှာ လေးပုံတစ်ပုံဟာ စိတ်မချရတဲ့အစားအသောက်တွေဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ထို့အတူ အဲဒီသတင်းစာမှာပဲ FDA ရဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဘာပြောသလဲဆိုတော့ Food Safety ပြည်သူတစ်ရပ်လုံးဖြစ်တဲ့ အစားအစာရဖို့အတွက် FDA တစ်ခုတည်းနဲ့တော့ မရပါဘူး။ ပြည်သူတွေအနေနဲ့လည်း ဘယ်လို အစားအသောက်မျိုးကို ရွေးချယ်စားသုံးမလဲဆိုတဲ့ အသိဉာဏ်၊ ဗဟုသုတရှိမယ်ဆိုရင် ဒါက အမြန်ဆုံး အောင်မြင်မယ်လို့ မျှော်လင့်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသွားပါတယ်။ ဒါဟာ အခု လက်ရှိ ယနေ့တွေ့ကြုံနေရတဲ့ အစားအသောက်ပဲရှိပါတယ်။ ဆေးဝါးတွေမပါသေးဘူး။ ဝန်ဆောင်မှု တွေမပါသေးဘူး။

အဲဒါကြောင့်မို့လို့ ကျယ်ကျယ်ပြန့်ပြန့် ကျေးလက်တောရွာအထိ တစ်ပြည်လုံးအထိရောက်ဖို့ ဆိုရင် ကျွန်တော်တို့ကလေးတွေကို ကျောင်းကတည်းက သင်မှဖြစ်ပါမယ်။ သင်ရိုးညွှန်းတမ်းလို့ဆို ပေမယ့် ကျွန်တော်က အသစ်သင်ပါလို့ ပြောတာမဟုတ်ပါဘူး။ အခုလက်ရှိသင်နေတဲ့ ဘဝတွက်တာ သိစရာထဲမှာ ထည့်ပြီးသင်ရင်ပဲဖြစ်ဖြစ်၊ အရင်တုန်းက ကျွန်တော်တို့သင်ခဲ့ရတဲ့ General Knowledge လို့ခေါ်တဲ့ အထွေထွေဗဟုသုတအခန်းမှာ ထည့်သင်ရင်ပဲဖြစ်ဖြစ် ဘယ်နည်းနဲ့ပဲ သင်သင် တတ်ဖို့၊ နားလည်ဖို့က အဓိကဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်ဆိုလိုတာဟာ သင်ရိုး ညွှန်းတမ်းအသစ်တစ်ခုရေးရမယ်လို့ မဆိုလိုပါဘူး။ အဲဒီတော့ ကျွန်တော့်ရဲ့ ဒီအဆိုဟာ တစ်မျိုးသားလုံးရဲ့ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်ရေးကို ရှေ့ရှုတဲ့အဆိုဖြစ်တဲ့အတွက် အင်မတန်မှအရေးကြီးပါတယ်။ အဲဒီတော့ ဒီအဆိုဟာ သာမန်အားဖြင့်ဆိုရင် အတည်ပြုပေးဖို့တောင်းဆိုနိုင်တဲ့ အဆိုလည်းဖြစ်ပါတယ်။

သို့သော် အခြေအနေအရပ်ရပ်က ဆိုပါတော့ ဥပမာ ဒီစားသုံးသူဘာသာရပ်ကို ဒါ့ထက် မြင့်မြင့်မားမား သင်ရိုးထဲမှာ ထည့်မယ်ဆိုရင် ထည့်နိုင်လောက်တဲ့ပညာရှင်တွေရှိနေပြီလား။ ဒီစားသုံးသူပညာရပ်ကို မြင့်မြင့်မားမားသင်ကြားနိုင်မယ့် ဆရာဆရာမများကိုရောလေ့ကျင့်ပြီးပြီလား စတဲ့ကိစ္စရပ်များအတွက် ကျွန်တော်တို့ အချိန်ပေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးကလည်းပဲ ပညာရေးထဲမှာ တချို့တစ်ဝက်ထည့်သွင်းသင်ကြားနေပြီ။ နောင်လာမယ့် သင်ရိုးထဲမှာလည်း ထည့်ပြီးပြောမယ်လို့ ဆိုတဲ့တဲ့အတွက် ကျွန်တော်ရဲ့အဆိုကို မှတ်တမ်းအဖြစ်ထားရှိဖို့ အဆိုပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရန်လင်း၊ ကျိုက်လတ်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၆ ဦးက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန် ရှင်းလင်းပြောကြားထားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးရန်လင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက် (သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃း၅၀။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၃း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ (၁၅.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးမင်းသိုင်း
(ဘိုကလေး မဲဆန္ဒနယ်)



ဒေါက်တာဦးလင်းလင်းကျော်
(မြစ်သား မဲဆန္ဒနယ်)



ဦးမိုးရွှေ
(ပူတာအို မဲဆန္ဒနယ်)



ဦးအောင်စိုး
(ယင်းမာပင် မဲဆန္ဒနယ်)



ဦးဝင်းမော်ထွန်း (ဒုဝန်ကြီး)
ပညာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်